အသွင်ကူးပြောင်းရေးကာလ တရားစီရင်ရေး အပြည်ပြည်ဆိုင်ရာ ဂျာနယ်၊ ၂၀၁၅, ၀, ၁-၂၁
doi: 10.1093/ijtj/ijv012
ဆောင်းပါး

တရားမျှတမှု (နှင့် ဆက်လက်ရှင်သန်နိုင်မှု) အတွက် ရပ်တည်ပေးခြင်း - ကန်ညာ အရပ်ဖက်အဖွဲ့အစည်း၏ တာဝန်ခံမှုဆိုင်ရာ မဟာဗျူဟာများနှင့် ၎င်းတို့၏ ရန်သူများ

သောမတ်စ် အိုဘယ်လ် ဟန်ဆန်* (Thomas Obel Hansen)
နှင့်
ချန်ဒရာ လခ်ဟ ဆရီရမ်† (Chandra Lekha Sriram)

အနှစ်ချုပ်[1]

ဤဆောင်းပါးတွင် ပြင်းထန်ဆိုးရွားသည့်အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ အထူးသဖြင့် ၂၀၀၇-၂၀၀၈ ခုနှစ် ရွေးကောက်ပွဲအလွန်ကာလ အကြမ်းဖက်မှုများအတွက် တာဝန်ခံမှုကို ချဉ်းကပ်ရာ၌ ကန်ညာ အရပ်ဖက်အဖွဲ့အစည်း၏ အခန်းကဏ္ဍအား အဓိက အရေးပါသူများနှင့် အပြည်ပြည်ဆိုင်ရာ ပံ့ပိုးထောက်ပံ့သူများကို အင်တာဗျူးမေးမြန်းကာ စူးစမ်းရှာဖွေထားသည်။ ကျွန်ုပ်တို့အနေဖြင့် အရပ်ဖက် အဖွဲ့အစည်းအား တာဝန်ခံမှု စံနှုန်းများ၏ လက်ခံသူအဖြစ်နှင့်သာမက သယ်ဆောင်သူအဖြစ်လည်းကောင်း၊ ထိုစံနှုန်းများ၏ အသုံးပြုသူအဖြစ် သာမက ပြုပြင်ပြောင်းလဲသူအဖြစ်လည်းကောင်း စဉ်းစားတွေးဆထားပြီး ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အရေးပါလုပ်ဆောင်သူများနှင့် ထိတွေ့ဆက်ဆံရာတွင် အသုံးပြုသည့် ၎င်းတို့၏ မဟာဗျူဟာများကိုလည်း လေ့လာထားသည်။ အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးနှင့် ပြည်တွင်း တရားမျှတမှု ယန္တရားများနှင့် သက်ဆိုင်သည့် စည်းရုံးသိမ်းသွင်းခြင်း မဟာဗျူဟာများအား မည်သို့ ဖန်တီးဆောင်ရွက်ခဲ့သည်ကို လေ့လာဆန်းစစ်မှုပြုကာ အရပ်ဖက်အဖွဲ့အစည်းနှင့် တာဝန်ခံမှုဆိုင်ရာ အချို့သော စာပေများကို ဤဆောင်းပါးတွင် စိန်ခေါ်ထားခြင်းဖြစ်သည်။ အထူးသဖြင့် အရပ်ဖက်အဖွဲ့အစည်းများသည် အပြည်ပြည်ဆိုင်ရာစံနှုန်းများအား ‘တရားစီရင်ရေး အလွှာအဆင့်ဆင့်’၏ တစ်စိတ်တစ်ပိုင်းအဖြစ် အဓိကထား မှီခိုနေပါသလားဟူသည့် အပေါ် မေးခွန်းထုတ်ထားခြင်းဖြစ်သည်။ ကန်ညာဖြစ်ရပ်တွင် တရားမျှတမှု နှင့် တာဝန်ခံမှုဆိုင်ရာ ဖော်ပြ ပြောကြားချက်များသည် ဆက်တိုက် ပြောင်းလဲနေပြီး ရာဇဝတ်တရားစီရင်ရေး ဆန့်ကျင်သူများ၏ ဆန့်ကျင်တိုက်ခိုက် ဖော်ပြ ပြောကြားချက်များ၏ အကျိုးဆက်ကြောင့် ထိုတရားမျှတမှုနှင့် တာဝန်ခံမှုတို့ ပြိုလဲနိုင်ချေရှိသည်ကို သရုပ်ဖော် ရှင်းလင်းပြီး အခိုင်အမာ ချေပထားခြင်းဖြစ်သည်။

ဘာသာပြန် - မေဖြူ၊ ဇင်နှင်း
© Translation Right – HRER Programme
Translation Disclaimer: OUP and EJIL not responsible or in any way liable for the accuracy of the translation. The Licensee is solely responsible for the translation in this publication/reprint

* Assistant Professor, Department of International Relations, United States International University, Kenya. Email: obelhansen@gmail.com
† Professor of International Law and International Relations and Co-Director, Centre on Human Rights in Conflict, University of East London, UK, Email: c.sriram@uel.ac.uk

[1] We wish to thank the British Academy for funding our research project, including our field research in Kenya in February and March 2014 and a workshop with experts conducted in London in May 2014. We are grateful to the many experts who offered their views on issues relating to the role of civil society in Kenya promoting accountability for serious crimes.

အဓိကစကားလုံးများ - ကန်ညာ၊ အရပ်ဖက်အဖွဲ့အစည်း၊ တာဝန်ခံမှု၊ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး။

နိဒါန်း

ကန်ညာနိုင်ငံတွင် ဖြစ်ပွားခဲ့သော ၂၀၀၇ - ၂၀၀၈ ခုနှစ် ရွေးကောက်ပွဲကာလလွန် အကြမ်းဖက်မှု (post-election violence PEV) ၏ နောက်ဆက်တွဲအဖြစ် ပေါ်ပေါက်ခဲ့သည့် ဆိုးရွားသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများအတွက် တာဝန်ခံမှုဆိုင်ရာ ရွေးချယ်စရာနည်းလမ်းများနှင့် စပ်လျဉ်း၍ ပညာရပ်ဆိုင်ရာနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးငြင်းခုံမှုများမှာ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာနယ်ပယ်တို့တွင် အထိုက်အလျောက် ပေါ်ပေါက်လာခဲ့သည်။ သို့သော် လက်ရှိ ငြင်းခုံမှုများစွာသည် အပြည်ပြည်ဆိုင်ရာ အင်စတီကျူးရှင်းများ၊ အထူးသဖြင့် အပြည်ပြည်ဆိုင်ရာရာဇဝတ်တရားရုံး (International Criminal Court ICC) ၏ အခန်းကဏ္ဍကို ဦးစားပေးဖော်ပြထားပြီး ICC ဖြစ်စဉ်၊ ပြည်တွင်းနိုင်ငံရေးနှင့် ကန်ညာနိုင်ငံတွင် ပိုမို ငြိမ်းချမ်းသော ရွေးကောက်ပွဲများ၏ အလားအလာများ အကြား အပြန်အလှန် အားပြိုင်တုံ့ပြန်မှုတို့အကြောင်းကို ဖော်ပြထားသည်။

ဆန့်ကျင်ဘက်အားဖြင့် ရွေးကောက်ပွဲကာလလွန် အကြမ်းဖက်မှု (PEV) အပါအဝင် ပြင်းထန်သော ရာဇဝတ်မှုများအတွက် တရားမျှတမှုကို မြှင့်တင်ရေး၌ အရပ်ဖက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍကို လုံလောက်သော အရေးပေးအာရုံစိုက်မှုများ မရှိခဲ့ကြပေ။ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုနှင့် အပြည်ပြည်ဆိုင်ရာ တရားမျှတမှုနှင့် ပတ်သက်သော စာပေများတွင် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေး တို့အကြား ချိတ်ဆက်မှု၊ အထူးသဖြင့် ICC ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ အင်စတီကျူးရှင်းများ၏ အစီအစဉ်များကို အပြန်အလှန် ဆက်သွယ်ပြီး လွှမ်းမိုးနိုင်သည့် အရပ်ဖက်အဖွဲ့အစည်းများ၏ အရည်အချင်းကို လုံလောက်စွာ လေ့လာမှု မပြုလုပ်ဘဲ ပိုမို၍ ယေဘုယျဆန်သော ရေစီးကြောင်းကိုသာ အတိုင်းအတာတစ်ခုအထိ ထင်ဟပ်ဖော်ပြထားလေသည်။

ကျွန်ုပ်တို့၏ သုတေသနတွင် ဆိုးရွားသော အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုများ အထူးသဖြင့် PEV အတွက် တာဝန်ခံမှုကို ချဉ်းကပ်ရာ၌ ကန်ညာနိုင်ငံ အရပ်ဖက်အဖွဲ့အစည်းရှိ အရေးပါသူများ၏ အခန်းကဏ္ဍကို လေ့လာဆန်းစစ်ထားသည်။ အရပ်ဖက်အဖွဲ့အစည်းများအား အပြည်ပြည်ဆိုင်ရာရာဇဝတ်မှုနှင့် ပတ်သက်သော တရားစီရင်ရေး အပါအဝင် တာဝန်ခံမှုစံနှုန်းများ၏ လက်ခံသူနှင့် သယ်ဆောင်သူအဖြစ်လည်းကောင်း၊ ထိုစံနှုန်းများကို အသုံးပြုသူ နှင့် ပြုပြင်ပြောင်းလဲသူအဖြစ်လည်းကောင်း စဉ်းစားတွေးဆထားပြီး ထိုစံနှုန်းများအား ပြည်တွင်းနှင့် အပြည်ပြည် ဆိုင်ရာနယ်ပယ်တို့တွင် မြှင့်တင်ရေး သို့မဟုတ် ခုခံရပ်တည်ရေး လုပ်ဆောင်နေသူများနှင့် ထိတွေ့ဆက်ဆံမှု ပြုရာတွင် အသုံးပြုသည့် အရပ်ဖက်အဖွဲ့အစည်းများ၏ မဟာဗျူဟာများကို လေ့လာထားသည်။ ထို့ပြင် ကန်ညာ နိုင်ငံတွင် ရှိနေသည့် 'ပြစ်ဒဏ်ကင်းလွတ်နေခြင်း ဟာကွက်' ကို အရပ်ဖက်အဖွဲ့အစည်းများမှ မည်သို့ ချဉ်းကပ် ကြသည်၊ ပြည့်စုံသော တရားစီရင်ရေးဖြစ်စဉ်နှင့် ဆက်နွယ်သည့် စည်းရုံးသိမ်းသွင်းခြင်း မဟာဗျူဟာများကို မည်သို့ ဖန်တီးလုပ်ဆောင်ကြသည်၊ ပုဂ္ဂလိက တရားစွဲဆိုခြင်းများနှင့် အများအကျိုးငှါ တရားစွဲဆိုခြင်းများကဲ့သို့သော ကိစ္စရပ်များကို မည်သို့ လုပ်ဆောင်ကြသည် (အနည်းဆုံးအနေဖြင့် လုပ်ဆောင်ရန် စဉ်းစားကြသည်) ကို လေ့လာထားသည်။ ထိုသို့လေ့လာခြင်းဖြင့် အရပ်ဖက်အဖွဲ့အစည်းများသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုနှင့် ပတ်သက်သော တရားစီရင်ရေးတွင် ပြုလုပ်သူများနှင့် ပြုလုပ်ခံများ ဖြစ်ကောင်း ဖြစ်နိုင်သည်ကို တွေ့ရှိရပြီး ကိုယ်စားလှယ် အေးဂျင့်တစ်ဦးအနေဖြင့် ၎င်း၏ အေဂျင်စီနှင့် မဟာဗျူဟာများအား ရှာဖွေသည်ကိုလည်း တွေ့ရှိရသည်။[2]

[2] See, similarly, Emily Haslam, 'Subjects and Objects: International Criminal Law and the Institutionalization of Civil Society, 'International Journal of Transitional Justice 5(2) (2011): 221 – 240.

ဆောင်းပါးရှိ အချို့သောတွေ့ရှိချက်များသည် ကန်ညာနိုင်ငံအခြေအနေနှင့်သာ သီးသန့်ပတ်သက်သည်ဟု ထင်ရနိုင်သော်လည်း ဤအတွေ့အကြုံမှ သင်ခန်းစာများသည် အရပ်ဖက်အဖွဲ့အစည်းများနှင့် တာဝန်ခံမှုဆိုင်ရာ စာပေများရှိ အချို့ယူဆချက်များကို အကျယ်တဝင့် စိန်ခေါ်ကောင်း စိန်ခေါ်နိုင်သည်။ အထူးသဖြင့် လူ့အခွင့်အရေး အလွဲသုံးစားပြုခံရသော နိုင်ငံများအတွင်းရှိ အရပ်ဖက်အဖွဲ့အစည်းများသည် အပြည်ပြည်ဆိုင်ရာ စံနှုန်းများအပေါ် 'တရားစီရင်ရေး အလွှာအဆင့်ဆင့်' ၏ တစ်စိတ်တစ်ပိုင်းအဖြစ် အဓိကထား တည်မှီနေပါသလားဟု ကျွန်ုပ်တို့က မေးခွန်းထုတ် ဆန်းစစ်ထားသည်။ ရာဇဝတ်တရားစီရင်ရေးကို ဆန့်ကျင်သူတို့၏ ဆန့်ကျင်တိုက်ခိုက်ဖော်ပြခြင်း အကျိုးဆက်ကြောင့် တရားမျှတမှုနှင့် တာဝန်ခံမှုဆိုင်ရာ ဖော်ပြပြောကြားချက်များသည် အဆက်မပြတ် ပြောင်းလဲနေပြီး ပိုမိုရှုပ်ထွေးသော အခြေအနေများ ရှိနေကြောင်းကို ကျွန်ုပ်တို့၏ ကွင်းဆင်းလုပ်ဆောင်မှုမှ ညွှန်ပြနေသည်။ လိုအပ်သောအရင်းအမြစ်များနှင့် ဖန်တီးနိုင်စွမ်းရှိသည့် အရေးပါလုပ်ဆောင်သူများမှ ဖြစ်ရပ်များ၏ အခြားပုံစံတစ်ခုကို ဖန်တီးပုံဖော်ရန်အတွက် ဖော်ပြပြောကြားချက်များအား ယိုင်နဲ့ပြိုလဲ အောင် လုပ်ဆောင်ခြင်းလည်းဖြစ်နိုင်သည်။

အသွင်ကူးပြောင်းရေးကာလ တရားစီရင်ရေးဖြစ်စဉ်များနှင့် လူ့အခွင့်အရေးစံနှုန်းများ ပုံ့နှံ့ခြင်းတွင် အရပ်ဖက်အဖွဲ့အစည်းများ၏အခန်းကဏ္ဍအပေါ် အဆိုပြုချက်များဖြင့် ကျွန်ုပ်တို့၏ စူးစမ်းရှာဖွေမှုကို တည်ဆောက်ထားပြီး ယင်းအဆိုပြုချက်အများစုကို နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ရှိ တည်ဆောက်မှုသဘောတရားအကြောင်း စာပေအများစုတွင် ထဲထဲဝင်ဝင်ဖော်ပြထားသည်။ အခိုင်အမာငြင်းဆိုချက်များတွင် အရေးပါသည်မှာ အေးဂျင့်များ ဖြစ်ကြပြီး အထူးသဖြင့် ၎င်းတို့သည် စံနှုန်းဆိုင်ရာ ကြားခံများဖြင့် အချိန်နှင့်အမျှ ပြောင်းလဲနေမည့် စံနှုန်းများကို ဖန်တီး၊ ဖွံ့ဖြိုးစေသော စံနှုန်းဆိုင်ရာ စွန့်ဦးတီထွင်သူများ ဖြစ်ကြသည်။[3] ဤစံနှုန်းတီထွင်သူများအား စိတ်တူကိုယ်တူနိုင်ငံများအကြား လုပ်ဆောင်ကြသည့် အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းနှစ်ရပ်လုံးရှိ အရပ်ဖက်အဖွဲ့အစည်း တက်ကြွ လှုပ်ရှားသူများအဖြစ် မျှော်မှန်းကြသည်။ စံသတ်မှတ်ချက်ဆိုင်ရာ စည်းရုံးသိမ်းသွင်းမှုများသည် နိုင်ငံများ၏ အကျိုး စီးပွါးဆိုင်ရာ နားလည်မှုအား ပြောင်းလဲစေသည့် အခြေအနေများ၊ သို့မဟုတ် ရုပ်ဝတ္ထုဆိုင်ရာ အကျိုးစီးပွါးကို ဆန့်ကျင်ပြီး အပြုအမူပိုင်းဆိုင်ရာ ပြောင်းလဲမှုများကို ဖြစ်ပေါ်စေသည့် အခြေအနေများသည် စိတ်ဝင်စားဖွယ် အထူးကောင်းလှပေသည်။ အံ့သြဖွယ်မဟုတ်သည်မှာ နိုင်ငံ၏ ပါဝင်ဆောင်ရွက်မှု၊ အပြည်ပြည်ဆိုင်ရာ ဥပဒေ အထူးသဖြင့် လူ့အခွင့်အရေးစနစ်မူဘောင်များအား လေးစားလိုက်နာမှုတို့အပေါ် အလေးပေး လေ့လာထားခြင်း ဖြစ်သည်။[4] အကြမ်းဖက်မှု ပဋိပက္ခအတွင်း သို့မဟုတ် ဖိနှိပ်ချုပ်ချယ်အုပ်ချုပ်မှုလက်အောက်တွင် ကျူးလွန်သည့် အလွန်ပြင်းထန်သော ရာဇဝတ်မှုများအတွက် ကြီးမားသော တာဝန်ခံမှုကို ဦးတည်သည့် ကမ္ဘာလုံးဆိုင်ရာ စံနှုန်း တစ်ခုဖွံ့ဖြိုးမှုကို ဖော်ထုတ်လျက် ကမ္ဘာလုံးဆိုင်ရာ အသွင်ကူးပြောင်းရေးကာလ တရားမျှတမှုတွင် ဤအကဲဖြတ် ဆန်းစစ်ချက်ကို ယခုအခါ ကျယ်ပြန့်စွာ အသုံးပြုနေပြီဖြစ်သည်။

'တရားစီရင်ရေး အလွှာအဆင့်ဆင့် (justice cascade)' ဟု Ellen Lutz နှင့် Kathryn Sikkink တို့က ပထမဆုံးအနေဖြင့် အမှတ်သညာပြုခြင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ တောင်းဆိုမှုမှာ ရိုးရှင်းပြီး နိုင်ငံများအနေဖြင့် ဖြစ်ခဲ့ပြီးသော လူ့အခွင့်အရေး အကြမ်းဖက်မှုများအတွက် စစ်ဆေးစီရင်ခြင်းအတွဲလိုက်ကို စတင်လုပ်ဆောင်ရန်

[3] Martha Finnemore and Kathryn Sikkink, 'International Norm Dynamics and Political Change,' International Organization 52(4) (1998): 887 – 917.

[4] Thomas Risse, Stephen C. Ropp and Kathryn Sikkink, eds., The Power of Human Rights: International Norms and Domestic Change (Cambridge: Cambridge University Press, 1999); Christian Reus-Smit, ed., The Politics of International Law (Cambridge: Cambridge University Press, 2004); Alison Brysk, Speaking Rights to Power: Constructing Political Will (Oxford: Oxford University Press, 2013); Julie A. Mertus, Bait and Switch: Human Rights and U.S. Foreign Policy (London: Routledge, 2004).

သို့မဟုတ် လုပ်ခွင့်ပြုရန်တို့ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းသည် အသွင်ကူးပြောင်းရေးကို အနှောင့်အယှက်ဖြစ်စေနိုင်သကဲ့သို့ အထက်တန်းလွှာများ၏ စိတ်ပျက်မှုကို ခံရကောင်းခံရနိုင်မည့် အန္တရာယ်ကို သိကြသော်လည်း တာဝန်ခံမှုသည် အရေးကြီးသည်ဟု နိုင်ငံများက ယုံကြည်လာခြင်းကြောင့်ပင် ဖြစ်လေသည်။ ထိုသို့ယုံကြည်လာအောင် ဆွဲဆောင်နိုင်သည်များမှာ လူ့အခွင့်အရေးများကို ကာကွယ်ပေးသည့် စံတန်ဖိုးများဖြစ်နိုင်သကဲ့သို့ တရားဥပဒေဆိုင်ရာ တာဝန်ခံမှု၏ အရေးပါပုံကြောင့်လည်း ဖြစ်နိုင်သည်။ အထူးသဖြင့် နိုင်ငံအား ဥပဒေလေးစားလိုက်နာသော နိုင်ငံ သို့မဟုတ် 'ကောင်းမွန်သော' နိုင်ငံများအဖြစ် ဂုဏ်သိက္ခာတက်လာစေရန် ဆွဲဆောင်ထားနိုင်မှု ဖြစ်လေသည်။ အချို့ကိစ္စရပ်များတွင် ထိုစံနှုန်းများကို မြှင့်တင်ခြင်းနှင့် ဆွဲဆောင်သိမ်းသွင်းခြင်း၌ ပါဝင်လုပ်ဆောင်လိုကြသည့် ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ အရပ်ဖက်အဖွဲ့အစည်းများစွာ ရှိနေပေသည်။ ဆိုးရွားလှသည့် အကြမ်းဖက်မှုပေါ်ပေါက်လာပါက အသွင်ကူးပြောင်းရေးကာလ တရားမျှတမှု မျှော်မှန်းချက်ဆိုင်ရာ စံသတ်မှတ်ခြင်းတစ်ခု ဖြစ်ပေါ်လာခဲ့ပြီး တရားစီရင်ခြင်း နှင့် အခြားလုပ်ငန်းစဉ်များ ဆက်လက် ဖြစ်ပေါ်လာပေမည်ဟု ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာ ပါဝင်ပတ်သက်သူများက တွက်ဆကြလေသည်။[5]

သို့သော် ကျွန်ုပ်တို့အနေဖြင့် ကန်ညာဖြစ်ရပ်တွင် အထိုက်အလျောက် ကွဲပြားခြားနားမှု အနေအထားများကို တွေ့ရသည်။ တစ်ခုမှာ အထူးသဖြင့် ရာဇဝတ်မှုတရားစီရင်ခြင်းနှင့် စပ်လျဉ်းပြီး တာဝန်ခံမှုကို မြှင့်တင်ရာတွင် အပြည်ပြည်ဆိုင်ရာ အရပ်ဖက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ၊ နှင့် ICC ကဲ့သို့သော ယန္တရားများ၊ စံနှုန်းများနှင့် ညှိနှိုင်းလုပ်ဆောင်ရာတွင် ပြည်တွင်း အရပ်ဖက်အဖွဲ့အစည်းများ၏ အခန်းကဏ္ဍတို့ကို သရုပ်ဖော် ဖော်ပြထားခြင်းဖြစ်သည်။ အစိုးရ၏ ဖိနှိပ်မှုများ များပြားလာချိန်တွင် ပြည်တွင်းအရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် စံနှုန်းဆိုင်ရာ သိမ်းသွင်းဆွဲဆောင်မှုများ ပြုလုပ်ရာတွင် လုပ်ဆောင်နိုင်စွမ်း ကန့်သတ်ခံရသည်ကို တွေ့ရသည်။ သို့သော် ပြည်တွင်း အရပ်ဖက် အဖွဲ့အစည်းများ၏ ညှိနှိုင်းလုပ်ဆောင်မှုများသည် အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့် ကိုက်ညီနေသည်ကိုသာမက နိုင်ငံရေးနှင့် လုံခြုံရေးဆိုင်ရာ ကန့်သတ်မှုများအား တုံ့ပြန်ရာတွင် အလိုက်သင့်ပြောင်းလဲနိုင်မှု၊ ဥပဒေဆိုင်ရာ စံနှုန်းမြှင့်တင်ရာတွင် ကန့်သတ်ချက်များ ရှိနေမှုတို့ကိုပါ ကျွန်ုပ်တို့၏ လေ့လာမှုတွင် ဖော်ပြထားသည်။

ဗြိတိသျှ အကယ်ဒမီ၏ ထောက်ပံ့မှုနှင့်အတူ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကန်ညာနိုင်ငံ၌ အင်တာဗျူးတွေ့ဆုံမေးမြန်းခြင်းများ ပြုလုပ်ကာ ကျွန်ုပ်တို့၏သုတေသနကို အခြေခံထားပါသည်။ ပြည်တွင်း လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများ၊ ပြည်တွင်းရှိ ဥပဒေပညာရှင်များနှင့် ရှေ့နေများ၊ ပံ့ပိုးထောက်ပံ့သူများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များအား တစ်ပိုင်းတစ်စ ဖွဲ့စည်းထားသော အင်တာဗျူးများ မေးမြန်းထားပါသည်။ ကျွန်ုပ်တို့သည် Chatham House Rule စည်းမျဉ်းအရ အလုပ်ရုံဆွေးနွေးပွဲကို နှစ်ကြိမ်တိတိဖြင့် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကန်ညာနိုင်ငံ၌ တက်ကြွလှုပ်ရှားသူများ ပါဝင်ပြီးလည်းကောင်း၊ ၂၀၁၄ ခုနှစ်၊ မေလတွင် ယူကေနိုင်ငံ၌ ပညာရှင်များနှင့် လက်တွေ့ လုပ်ဆောင်သူများ ပါဝင်ပြီးလည်းကောင်း ဆောင်ရွက်ခဲ့သည်။ နှင်းဘောလုံးချဉ်းကပ်နည်းများအပြင် အင်တာဗျူးမေးမြန်းခံသူများနှင့် အလုပ်ရုံဆွေးနွေးပွဲများတွင် ပါဝင်ခဲ့သူများကို ကန်ညာနိုင်ငံရှိ တာဝန်ခံမှုဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်ခြင်း လမ်းကြောင်းများအပေါ် လွှမ်းမိုးနိုင်သည့် 'တရားမျှတမှုဆိုင်ရာ အုပ်စု' အဖြစ် ကျွန်ုပ်တို့က ရည်ညွှန်းပြီး ၎င်းတို့အား အလေးထားဆွဲဆောင်နိုင်ခဲ့သည်။ အရပ်ဖက်အဖွဲ့အစည်းရှိ ပါဝင်သူများ တွေ့ကြုံခဲ့ရသည့် စိန်ခေါ်ချက်

[5] Ellen Lutz and Kathryn Sikkink, 'The Justice Cascade: The Evolution and Impact of Foreign Human Rights in Latin America,' Chicago Journal of International Law 2(1) (2001): 1–34; Kathryn Sikkink, The Justice Cascade: How Human Rights Trials Are Changing World Politics (New York: W.W. Norton and Company, 2011); Ruti G. Teitel, 'Transitional Justice Genealogy,' Harvard Human Rights Journal 16(1) (2003): 69–94; Aaron P. Boesenecker and Leslie Vinjamuri, 'Lost in Translation? Civil Society, FaithBased Organizations and the Negotiation of International Norms,' International Journal of Transitional Justice 5(3) (2011): 345–365.

များသာမက၊ ၎င်းတို့ချမှတ်အသုံးပြုခဲ့သည့် နည်းစနစ်ဗျူဟာများ၊ မိမိကိုယ်ကို ဝေဖန်သုံးသပ်ခြင်းနှင့် ပြောင်းလဲနေသော အခြေအနေများအလိုက် ပြုပြင်ပြောင်းလဲမှုများကိုပါ အင်တာဗျူးက ဖော်ထုတ်ပေးနိုင်ခဲ့သည်။[6]

ကန်ညာနိုင်ငံရှိ ရွေးကောက်ပွဲအလွန် အကျပ်အတည်းနှင့် အခြားဆိုးရွားသော ရာဇဝတ်မှုများအတွက် တုံ့ပြန်မှုများ

၁၉၉၂ ခုနှစ်တွင် ပါတီစုံစနစ်ကို စတင်ကျင့်သုံးခဲ့သည်မှ စတင်ကာ မတူညီသော နိုင်ငံရေးပါတီများအပေါ် ထောက်ခံသူများအကြား အကြမ်းဖက်ပဋိပက္ခများသည် ကန်ညာတွင်ရွေးကောက်ပွဲများတွင် မကြာခဏ ပူးတွဲပေါ်ပေါက်လာခဲ့သည်။ ၁၉၉၂ ခုနှစ် နှင့် ၁၉၉၇ ခုနှစ် ရွေးကောက်ပွဲနှစ်ခုစလုံးတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့သည်။ အတိုက်အခံများကို ထောက်ခံသူများဟု ယူဆရသူများအား ခြိမ်းခြောက်ရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံရေးသမားများနှင့် အစိုးရပိုင်း အရာရှိများက အကြမ်းဖက်မှုကိုသွေးထိုးလှုံ့ဆော်ခြင်းနှင့် ရည်ရွယ်ချက်ရှိရှိဖြင့် လူမျိုးရေးဖန်တီးစေခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။ ထို့ကြောင့် နိုင်ငံရေးအရ တစ်သားတည်းဖြစ်စေသော မဲများစုပုံလာခြင်းနှင့် အတိုက်အခံများကို မဲအနိုင်ရနယ်မြေမရှိရလေအောင် မဲဆန္ဒနယ်များမှ မောင်းထုတ်ရန် ရည်ရွယ်ခဲ့သည်။[7] တစ်စိတ်တစ်ပိုင်းအားဖြင့် ၂၀၀၂ ခုနှစ်ရွေးကောက်ပွဲသည် ၁၉၉၂ ခုနှစ်နှင့် ၁၉၉၇ ခုနှစ် ရွေးကောက်ပွဲများထက် ငြိမ်းချမ်းသောကြောင့် ၂၀၀၇ ခုနှစ် ရွေးကောက်ပွဲတွင် ကျယ်ကျယ် ပြန့်ပြန့် သတ်ဖြတ်မှုများ၊ ရွှေ့ပြောင်းမှုများ၊ လိင်အကြမ်းဖက်မှုများနှင့် အခြားဆိုးရွားသော ရာဇဝတ်များ ပေါ်ပေါက်လာသောအခါ အချို့သူများကကာ အံ့အားသင့်ခဲ့ကြသည်။

PEV သည် အငြင်းပွားနေသော သမ္မတရွေးကောက်ပွဲတစ်ခု၏ နောက်ခံအခြေအနေတွင် ပေါ်ပေါက်လာခဲ့သည်။ အမျိုးသားစည်းလုံး ညီညွတ်ရေးပါတီ (Party of National Unity - PNU) ၏ လက်ရှိသမ္မတ Mwai Kibaki နှင့် ၎င်း၏ အတိုက်အခံ လိမ္မော်ရောင် ဒီမိုကရေစီလှုပ်ရှားမှုဘက်မှ Raila Odinga တို့နှစ်ဦးစလုံးက အနိုင်ရသည်ဟု ဆိုခဲ့ကြသည်။ နှစ်လတာအတွင်း လူတစ်ထောင်ကျော် အသတ်ခံခဲ့ရပြီး အတော်များများ ဒဏ်ရာရကာ လူပေါင်းသိန်းချီ၍ ရွှေ့ပြောင်းမှုများ ပေါ်ပေါက်ခဲ့သည်။ Nyanza ပြည်နယ်ရှိ Odinga ထောက်ခံသူများမှ ကမကထပြုကာ ဆန္ဒပြမှုများနှင့် ရုန်းရင်းဆန်ခတ်မှုများ စတင်ခဲ့ရာမှ မကြာမီတွင် ပိုမိုစုစည်းသည့်ပုံစံဖြစ်လာသည်။ ၎င်းတွင် Kibaki ကို ထောက်ခံပုံရသော တိုင်းရင်းသားအုပ်စုများကို ဆန့်ကျင်သည့် လက်နက်ကိုင်လူငယ်များက ကျူးလွန်သော ကြိုတင်ကြံစည် တိုက်ခိုက်မှုများနှင့် Mungiki ဂိုဏ်းမှ ကျူးလွန်သော လက်စားချေတိုက်ခိုက်မှုများ အပါအဝင်

---

[6] ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နိုင်ရိုဘီမြို့၌ ဤပရောဂျက်အတွက် တရားဝင်အင်တာဗျူး (၁၁) ခုလုပ်ဆောင်ခဲ့သည်။ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် နိုင်ရိုဘီမြို့ အလုပ်ရုံဆွေးနွေးပွဲနှင့် ၂၀၁၄ ခုနှစ်၊ မေလတွင် လန်ဒန်မြို့ အလုပ်ရုံဆွေးနွေးပွဲတို့၌ သင်တန်းသား ၁၀ ယောက်စီခန့် ပါဝင်ခဲ့သည်၊ ထို့ကြောင့် ဤသုတေသနတွင် ဖြေဆိုသူ အယောက် (၃၀) ခန့်ရှိသည်။ ဖြေဆိုသူအများစုက ယေဘုယျထည့်သွင်းပုံပိုးမှုများ သို့မဟုတ် အမည်မဖော်လိုမှုများကို တောင်းဆိုကြသောကြောင့် မေးခွန်းများတွင် ဖြေဆိုသူအမျိုးအစားကိုသာ ဖော်ပြခြင်းနှင့် အင်တာဗျူး သို့မဟုတ် အလုပ်ရုံဆွေးနွေးပွဲ၏ နေရာနှင့် နေ့ရက်တို့ကိုသာ ဖော်ပြသည့်ပုံစံမျိုးဖြင့် ၎င်းတို့၏ ပြောဆိုချက်များကို ဖော်ပြခဲ့သည်။ ဤဆောင်းပါးအတွင်းရှိ အကဲဖြတ်ဆန်းစစ်ချက်များကို ကန်ညာနှင့် အခြားသောဒေသများမှ စာရေးသူများက အစောပိုင်းကာလတွင် လုပ်ဆောင်ခဲ့သော သုတေသနများအပေါ် မှီငြမ်းကောက်ချက်ပြုထားသည်။ ဤဆောင်းပါးရှိ သီးသန့်အချက်များကို အခြားသုတေသနပရောဂျက်များရှိ နောက်ခံအကြောင်းခြင်းရာပေါ် အခြေခံသော အင်တာဗျူးများမှ ကောက်နုတ်ထားသည်သာမက သက်ဆိုင်ရာ အင်တာဗျူးများမှလည်း ကောက်နုတ်ဖော်ပြထားသည်။ သို့သော် (အထက်ပါအတိုင်း) တူညီသောထည့်သွင်းစဉ်းစားမှုများကြောင့် ယေဘုယျပုံစံမျိုးဖြင့်သာ ဖော်ပြထားကြောင်း ထပ်လောင်းတင်ပြအပ်ပါသည်။

[7] Participant, workshop with experts, London, UK, 6 May 2014. On the election violence in the 1990s, see Akiwumi Commission, Report of the Judicial Commission Appointed to Inquire into the Tribal Clashes in Kenya (1999); Human Rights Watch, Playing with Fire: Weapons Proliferation, Political Violence, and Human Rights in Kenya (May 2007); Stephen Brown, 'Quiet Diplomacy and Recurring "Ethnic Clashes" in Kenya,' in From Promise to Practice: Strengthening UN Capacities for the Prevention of Violent Conflict, ed. Chandra Lekha Sriram and Karin Wermester (Boulder, CO: Lynne Rienner, 2003); Peter Mwangi Kagwanja, Killing the Vote: State-Sponsored Violence and Flawed Elections in Kenya (Nairobi: Kenya Human Rights Commission, 1998).

Odinga ကို ထောက်ခံသူများဟု ယူဆရသော တိုင်းရင်းသားအုပ်စုများကို ဆန့်ကျင်သော အခြားလူငယ် အဖွဲ့များ၏ တိုက်ခိုက်မှုများ ပါဝင်သည်။ ရဲတပ်ဖွဲ့ကို သေဆုံးမှုစုစုပေါင်း၏ သုံးပုံတစ်ပုံခန့်အတွက် တာဝန်ရှိသည်ဟု စွပ်စွဲခဲ့သည်။[8]

PEV အကျပ်အတည်းသည် နိုင်ငံတကာ၏ အာရုံစိုက်မှုကို သိသိသာသာရရှိခဲ့သည်။ အကျပ်အတည်းကို ဖြန်ဖြေရန် အချို့သောကြိုးပမ်းမှုများမှာ မအောင်မြင်ဘဲ၊ ၂၀၀၈ ခုနှစ် ဇန်နဝါရီလတွင် အာဖရိက သမဂ္ဂ (African Union – AU) ၏ ဥက္ကဋ္ဌက အကျပ်အတည်းကိုဖြေရှင်းရန် ထင်ရှားသည့် အာဖရိက ပုဂ္ဂိုလ်များပါဝင်သော AU Panel တစ်ခု တည်ထောင်လိုက်ကြောင်း ကြေငြာခဲ့သည်။ ဥရောပသမဂ္ဂနှင့် အမေရိကန် အပါအဝင် နိုင်ငံတကာအရေးပါသူများထံမှ သိသာထင်ရှားသည့် ထောက်ပံ့မှုကို ရရှိသော AU Panel သည် ကန်ညာအမျိုးသားအဆင့် ဆွေးနွေးခြင်းနှင့် ရင်ကြားစေ့ခြင်း (Kenyan National Dialogue and Reconciliation – KNDR) ဟု ခေါ်တွင်သည့် ဖျန်ဖြေရေးလုပ်ငန်းစဉ်ကို စတင်ခဲ့သည်။ KNDR တွင် ခြုံငုံရည်ရွယ်ချက် နှစ်ခုရှိခဲ့သည်၊ အကြမ်းဖက်မှုကို အဆုံးသတ်ရန်အတွက် နိုင်ငံရေးဆုံးဖြတ်ချက်တစ်ခုကို ဆောင်ကြဉ်းပေးရန်နှင့် အကြမ်းဖက်မှုကို ဖြစ်စေသော ရှည်ကြာနေသည့် ကန်ညာနိုင်ငံရှိ ဖွဲ့စည်းတည်ဆောက်မှုပိုင်းဆိုင်ရာ ပြဿနာများကို ဖြေရှင်းရန်အလို့ငှါ အပြန်အလှန် ဆွေးနွေးခြင်းအား ပံ့ပိုးပေးရန် ဖြစ်သည်။ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် Kibaki နှင့် Odinga တို့ အာဏာခွဲဝေမှု သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့သည်။ ၎င်းအရ Kibaki က သမ္မတအဖြစ် ဆက်လက်တည်ရှိနေပြီး Odinga အား အသစ်ဖန်တီးထားသည့် ဝန်ကြီးချုပ်နေရာအတွက် သတ်မှတ်ခဲ့သည်။ ညွှန့်ပေါင်းအစိုးရဖွဲ့စည်းမှုသည် ပါလီမန်အတွင်း ပါတီများ၏ အာဏာကို ထင်ဟပ်စေသင့်သည်ဟု သဘောတူညီချက်က သတ်မှတ်ဖော်ပြခဲ့သည်။

Kibaki နှင့် Odinga တို့သည် ကန်ညာ၏ နိုင်ငံရေးအကြမ်းဖက်မှု အမွေဆိုးများကို ဖြေရှင်းရန် ရည်ရွယ်သော ယန္တရားများကို အစပြုရန် တရားဝင် သဘောတူခဲ့ကြသည်၊ အထူးသဖြင့် ရာဇဝတ်မှုဆိုင်ရာ တရားစီရင်ရေးဖြစ်စဉ်ဖြစ်သည့် အမှန်တရား၊ တရားမျှတမှုနှင့် ရင်ကြားစေ့ရေးကော်မရှင် (Truth, Justice and Reconciliation Commission – TJRC) နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြန်လည်ဆန်စစ်ခြင်းဖြစ်စဉ်တို့ ဖြစ်ကြသည်။[9] သဘောတူညီမှုရေးထိုးသော နှစ်ဖက်ပါတီများအနေဖြင့် ရွေးကောက်ပွဲကာလလွန် အကြမ်းဖက်မှုကို စုံစမ်းရန် ကော်မရှင်တစ်ခုဖွဲ့စည်းရန် သဘောတူညီခဲ့သည် (ဥက္ကဋ္ဌဖြစ်သူ တရားသူကြီး Philip Waki ကြောင့် နောင်တွင် Waki ကော်မရှင်ဟု လူသိများလာသည်)၊ အကြမ်းဖက်မှုကို စုံစမ်းစစ်ဆေးရန်နှင့် PEV ရာဇဝတ်မှုများကို တရားစွဲဆိုခြင်းနှင့် စပ်လျဉ်း၍ အကြံပြုချက်များပေးရန် ထိုကော်မရှင်ကို တာဝန်ပေးအပ်ခဲ့သည်။ Waki ကော်မရှင်က အကြမ်းဖက်မှုအတွက်

---

[8] On the 2007 elections and the causes of the PEV, see, Commission of Inquiry into Post-Election Violence, Report of the Commission of Inquiry into Post-Election Violence (2008); Kenya National Commission on Human Rights, On the Brink of the Precipice: A Human Rights Account of Kenya's Post-2007 Election Violence (2008); Human Rights Watch, Ballots to Bullets: Organized Political Violence and Kenya's Crisis of Governance (2008); Susanne D. Mueller, 'The Political Economy of Kenya's Crisis,' Journal of Eastern African Studies 2(2) (2008): 185–210; Thomas Obel Hansen, 'Political Violence in Kenya: A Study of Causes, Responses, and a Framework for Discussing Preventive Action,' Institute for Security Studies Occasional Paper 205 (2009).

[9] On the mediation process and the agreements reached, see, Elisabeth Lindenmayer and Josie Lianna Kaye, A Choice for Peace? The Story of Forty-One Days of Mediation in Kenya (New York: International Peace Institute, 2009); Martin Griffiths, The Prisoner of Peace: An Interview with Kofi A. Annan (Geneva: Centre for Humanitarian Dialogue, 2008); Nic Cheeseman and Tendi Blessing-Miles, 'Power-Sharing in Comparative Perspective: The Dynamics of "Unity Government" in Kenya and Zimbabwe,' Journal of Modern African Studies 48(2) (2010): 203–229; Thomas Obel Hansen, 'Kenya's Power-Sharing Arrangement and Its Implications for Transitional Justice,' International Journal of Human Rights 17(2) (2013): 307–327.

တာဝန်အရှိဆုံးသော ပုဂ္ဂိုလ်များကို စစ်ဆေးရန်၊ ကန်ညာနိုင်ငံသားနှင့် ကန်ညာနိုင်ငံသား မဟုတ်သူ ဝန်ထမ်းများ ပါဝင်သော အထူးခုံရုံးတစ်ခု တည်ထောင်ရန် အကြံပြုခဲ့သည်။ ဤအကြံပြုချက်ကို ပေါင်းစပ်သဘာဝရှိသည့် ဆီရီယာလီယွန်၏ အထူးတရားရုံးပုံစံကို အခြေပြုထားခဲ့ပြီး ထိုတရားရုံးတွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသည့် ကော်မရှင် ဝန်ထမ်းတစ်ဦးက ဒေသတွင်း စံနှုန်းများ၏ အခန်းကဏ္ဍ သို့မဟုတ် အင်စတီကျူးရှင်းဆိုင်ရာ ဖြန့်ဝေမှုကို ဖော်ညွှန်းထားသော တရားရုံးတစ်ခုဖြစ်ကြောင်း အကြံပြုခဲ့ခြင်းဖြစ်သည်။ သို့သော် ကော်မရှင်က PEV အတွက် တာဝန်အရှိဆုံးဟု ယူဆရသူများ၏ အမည်များပါဝင်သော စာအိတ်တစ်ခုကို ချိတ်ပိတ်လျက် Kofi Annan သို့ တင်သွင်းခဲ့သည်၊ ကန်ညာအစိုးရက အကြံပြုချက်များကို ဖော်ဆောင်ရန် ပျက်ကွက်ခဲ့ပါက ICC သို့ တစ်ဆင့်ကမ်း လွှဲပြောင်းရန် ဖြစ်လေသည်။[10] ခုံရုံးကို မဖွဲ့စည်းဖြစ်ခဲ့ဘဲရှိရာ ၂၀၁၀ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ICC က ကန်ညာအခြေအနေစုံစမ်းစစ်ဆေးမှုကို ဖွင့်လှစ်ရန် တရားဝင် ကြေညာခဲ့သည်။

ဆိုးရွားသော ရာဇဝတ်မှုများအတွက် တာဝန်ခံမှုအကြောင်းကို ကန်ညာသမိုင်းတလျောက် ကြိမ်ဖန်များစွာ ဆွေးနွေးခဲ့သော်လည်း လက်ရှိအငြင်းပွါးမှုသည် PEV နှင့် ၎င်းနှိုးထလာချိန်တွင် တည်ဆောက်ခဲ့သည့် ယန္တရားများ အပေါ်တွင် အလေးထားပေသည်။[11]

ကန်ညာအရပ်ဖက်အဖွဲ့အစည်းများ၏ တာဝန်ခံမှုဆိုင်ရာ မဟာဗျူဟာများ

ကန်ညာနိုင်ငံတွင် PEV မတိုင်မီကတည်းက တက်ကြွသော အရပ်ဖက်အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုများ ရှိခဲ့သည်ကို သိရှိထားရန် အရေးကြီးသည်။ ၎င်းတို့သည် နိုင်ငံရေးအရ နယ်ပယ်ကျဉ်းမြောင်းသွားသော်လည်း တက်ကြွမှုရှိကြပြီး အမျိုးမျိုးကွဲပြားစွာ ဖန်တီးနိုင်စွမ်းရှိသော အရပ်ဖက်အဖွဲ့အစည်းများ ဖြစ်ကြလေသည်။ အရပ်ဖက် အဖွဲ့အစည်း ဟုဆိုသည့်အခါ ကျွန်ုပ်တို့သည် NGOs များအတွင်း လှုပ်ရှားနေသော တက်ကြွလှုပ်ရှားသူစုစည်းမှုများကို ရည်ညွှန်း လိုပါသည်။ ၎င်းတို့သည် ပထမဦးစွာ Moi အာဏာရှင်အုပ်ချုပ်မှုအောက်တွင် ပါတီစုံ ဒီမိုကရေစီစနစ်နှင့် တာဝန်ခံမှု ကို မြှင့်တင်ရန် တက်တက်ကြွကြွ ကြိုးပမ်းခဲ့ကြသည်။ ပါတီစုံစည်းမျဉ်းသို့ ပြောင်းလဲလာသောအခါ တက်ကြွ လှုပ်ရှားသူ အများစု၊ အထူးသဖြင့် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများသည် အစိုးရတစ်စိတ်တစ်ပိုင်း ဖြစ်လာကြ သည်။ ထိုသို့အရပ်ဖက်အဖွဲ့အစည်းစုစည်းမှုပုံစံသည် လူ့အခွင့်အရေး၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေး၊ ဖွံ့ဖြိုးရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့ကို အလေးထားမှုနှင့်အတူ တရားဝင် ဒီမိုကရေစီထွန်းကားမှုကို ဖြစ်ပေါ်စေခဲ့ သည်။ ထိုအဖွဲ့များသည် PEV ဆက်စပ်မှုတွင် ပိုကြီးမားသော သို့မဟုတ် ပိုသေးငယ်သော အခန်းကဏ္ဍမှ ပါဝင်လိမ့်မည်ဖြစ်သည်။

ကန်ညာနိုင်ငံရှိ PEV နှင့် အခြားဆိုးရွားသော ရာဇဝတ်မှုများအတွက် တာဝန်ခံမှုကို ချဉ်းကပ်ရာတွင် အရပ်ဖက်အဖွဲ့အစည်းများ၏ မဟာဗျူဟာများသည် ပြောင်းလဲနေသော နိုင်ငံရေးအနေအထား၊ အခြားပါဝင်သူများ ၏ လုပ်ရပ်များနှင့် တုံ့ပြန်ချက်များပေါ် မူတည်ကာ အချိန်ကြာလာသည်နှင့် အမျှ သိသိသာသာ ပြောင်းလဲလာခဲ့ သည်။ ဤမဟာဗျူဟာများ၏ ဖွံ့ဖြိုးတိုးတက်မှုကို ရှင်းလင်းဖော်ပြရန် ကျွန်ုပ်တို့အနေဖြင့် ကာလအပိုင်း သုံးခုကို သတ်မှတ်ဖော်ပြမည်ဖြစ်သည်။ ကာလအပိုင်း (၁) သည် PEV အကျပ်အတည်း စတင်သည်မှ ၂၀၁၀ ခုနှစ်၊ မတ်လတွင် တရားဝင် ICC အမှုစုံစမ်းခြင်း ဖွင့်လှစ်သည်အထိဖြစ်သည်။ ကာလအပိုင်း (၂) သည် ၂၀၁၀ ခုနှစ်၊

[10] On the Waki Commission and its recommendations, see, e.g., Chandra Lekha Sriram and Stephen Brown, 'Kenya in the Shadow of the ICC: Complementarity, Gravity and Impact,' International Criminal Law Review 12(2) (2012): 219–244.

[11] While the PEV crisis was the 'trigger' for proposals of various mechanisms for accountability, the TJRC was mandated to address human rights, political violence and other injustices committed since independence. For an outline of the earlier debates on accountability, see, e.g., Godfrey M. Musila, 'Options for Transitional Justice in Kenya: Autonomy and the Challenge of External Prescriptions,' International Journal of Transitional Justice 3(3) (2009): 445–464.

မတ်လမှ ICC တွင် အမှုရင်ဆိုင်နေရသူများဖြစ်သည့် Uhuru Kenyatta နှင့် Willian Ruto တို့ သမ္မတနှင့် ဒုတိယ သမ္မတအဖြစ် အသီးသီး အရွေးခံရသည့် ၂၀၁၃ ခုနှစ်၊ ဧပြီလ အထိဖြစ်သည်။ ကာလအပိုင်း (၃) သည် ၂၀၁၃ ခုနှစ်၊ ဧပြီလမှ ကျွန်ုပ်တို့၏ လက်တွေ့ကွင်းဆင်းသုတေသနပိတ်သိမ်းသည့် ၂၀၁၄ ခုနှစ်၊ မေလ အထိဖြစ်သည်။

ကာလအပိုင်း (၁) – PEV အကျပ်အတည်းမှ ICC အမှုစုံစမ်းဖွင့်လှစ်ခြင်း

PEV အကျပ်အတည်းကာလအတွင်း အရပ်ဖက်အဖွဲ့အစည်းများသည် အဓိကအားဖြင့် အုပ်စုနှစ်စု ကွဲထွက်လေသည်။ တစ်ဖွဲ့သည် အကြမ်းဖက်မှုဆက်လက်ဖြစ်ပွါးနေသော်လည်း ရာဇဝတ်မှုဆိုင်ရာ တာဝန်ခံမှုအတွက် စည်းရုံးသိမ်းသွင်းခြင်းကို စတင်ခဲ့သည်။ အခြားတစ်ဖွဲ့မှာ အကြမ်းဖက်မှုကို အဆုံးသတ်ရန် စတင်ကြိုးပမ်းပြီး တာဝန်ခံမှုကို အနည်းငယ်သာအရေးကြီးသည်ဟု ရှုမြင်ပြီး နိုင်ငံ၏ အစီအစဉ်အတွင်းမှပင် ဖယ်ထုတ်ရန် ကြိုးပမ်းမှုများ ရှိလာခဲ့သည်။ ကျွန်ုပ်တို့၏ အင်တာဗျူးဖြေဆိုသူများအသုံးပြုခဲ့သော စကားလုံးများအရ ဤအုပ်စုနှစ်စုကို 'တရားမျှတရေးအုပ်စု' နှင့် 'ငြိမ်းချမ်းရေး အုပ်စု' ဟု အသီးသီး ရည်ညွှန်းသုံးနှုန်းလိုပါသည်။

တရားမျှတရေးအုပ်စုတွင် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီ ကိစ္စရပ်များကို လုပ်ဆောင်ကြသည့် အဖွဲ့အစည်းများ ပါဝင်ကြပြီး အမှန်တရား၊ တရားမျှတမှုနှင့်တကွ ငြိမ်းချမ်းမှုအတွက် ကန်ညာနိုင်ငံသားများ (Keyans for Peace with Truth and Justice – KPTJ) အမည်အောက်တွင် စုစည်းခဲ့ကြသည်။ ၎င်းတို့သည် Human Rights Watch နှင့် International Center for Transitional Justice တို့ကဲ့သို့သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး NGO များနှင့် ချိတ်ဆက်လုပ်ဆောင်ခဲ့ကြသည်။ KPTJ ကို PEV အားတိုက်ရိုက် တုံ့ပြန်မှုအဖြစ် ဖွဲ့စည်းခဲ့သော်လည်း ၎င်းတွင် ပါဝင်သော အဖွဲ့အတော်များများသည် ၂၀၀၇ ခုနှစ် Kibaki အုပ်ချုပ်ရေးကာလကပင် အဂတိလိုက်စားမှုတိုက်ဖျက်ရေး လှုပ်ရှားမှုနှင့် တရားစီရင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးတို့တွင် အတူတကွ လက်တွဲလုပ်ဆောင်ခဲ့ကြသည်။ ဤသို့ ကြိုတင်ရှိပြီးဖြစ်သည့် ပတ်သက်မှုသည် ယုံကြည်မှုကို ဖြစ်ပေါ်စေပြီး ၎င်းယုံကြည်မှုသည် KPTJ ၏ ထိရောက်မှုအတွက် အရေးကြီးသည်ဟု ဖြေဆိုသူများက သတ်မှတ်ကြသည်။[12]

KPTJ သည် ကန်ညာနိုင်ငံအတွင်း တာဝန်ခံမှုကို ချဉ်းကပ်သည့် အရေးအပါဆုံးသူအဖြစ် မကြာသေးမီကပင် ဖြစ်လာခဲ့သည်။ အကျပ်အတည်းကာလအတွင်း KPTJ သည် မီဒီယာ 'ဖြတ်တောက်မှု' များ ရှိသော်ငြားကန်ညာပြည်သူများ သတင်းအချက်အလက်များရစေရန်၊ လူ့အခွင့်အရေး အကြမ်းဖက်ချိုးဖောက်မှုများအား မှတ်တမ်းတင်ရန်နှင့် ဆက်လက်ဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုကို အစီရင်ခံရန် လေ့လာစောင့်ကြည့်သူများနှင့် စုံစမ်းထောက်လှမ်းသူများကို လက်တွေ့နယ်ပယ်တွင် များစွာထားရှိခဲ့သည်။[13] အကြမ်းဖက်မှု ပြီးဆုံးသည့်နောက် တရားမျှတရေးအုပ်စုသည် (ကိုဖီ) အာနန်ဦးဆောင်သော စေ့စပ်ရေးအဖွဲ့နှင့် လက်တွဲလုပ်ဆောင်ကာ တာဝန်ခံမှုကို ချဉ်းကပ်ခဲ့သည်။ နောက်ပိုင်းတွင် Waki ကော်မရှင်နှင့်ပါ လက်တွဲလုပ်ဆောင်ခဲ့သည်။ ဤလူ့အခွင့်အရေး NGO များသည် အစကနဦးကတည်းကပင် တရားမျှတမှုအတွက် (သဏ္ဌာန်ဆောင်) တရားစီရင်ရေး ရွေးစရာနည်းလမ်းများစွာကို စဉ်းစားထားခဲ့ကြသည်ဟု အင်တာဗျူးဖြေဆိုသူအချို့က အလေးပေးဖြေဆိုကြသော်လည်း[14] တရားမျှတရေးအုပ်စုသည် Waki ကော်မရှင်က အဆိုပြုခဲ့သည့် အထူးခုံရုံးမူဘောင်အတွင်း ပြည်တွင်းတာဝန်ခံမှုဖြစ်စဉ်အတွက် အစကနဦးတွင် ခိုင်မာစွာ အရေးဆိုစည်းရုံးသိမ်းသွင်းကြသည်။ အချို့သော KPTJ အဖွဲ့ဝင်များသည် အထူးခုံရုံးဆိုင်ရာ ဥပဒေမူကြမ်းရေးဆွဲရာတွင် ပါဝင်ခဲ့ကြသည်။ နိုင်ငံရေးခေါင်းဆောင်များ၏ ဆန့်ကျင်မှုကြောင့် ပြည်တွင်းတရားစွဲဆိုခြင်းကိစ္စရပ်များ ဖြစ်နိုင်ချေမရှိနိုင်ကြောင်း သေချာသွားသောအခါ တရားမျှတရေးအုပ်စုသည် ICC

[12] Personal interview, NGO official, Nairobi, Kenya (No. 6), not for attribution (hereinafter 'NFA'), 25 February 2014.

[13] Personal interview, NGO official, Nairobi, Kenya (No. 6), NFA, 25 February 2014. 14 Participant, workshop with experts, London, UK, 6 May 2014.

[14] ပါဝင်သူ၊ ကျွမ်းကျင်ပညာရှင်များ အလုပ်ရုံဆွေးနွေးပွဲ၊ လန်ဒန်၊ ယူကေ၊ ၂၀၁၄ ခုနှစ်၊ မေလ (၆) ရက်။

ဘက်သို့ ဦးတည်လာခဲ့သည်။[15] တစ်ချိန်တည်းမှာပင် TJRC က အဆိုပြုသည့် အခြားသော အသွင်ကူးပြောင်းရေး ကာလ တရားမျှတရေးဖြစ်စဉ်များ စတင်တည်ထောင်ခြင်းအတွက် စည်းရုံးသိမ်းသွင်းခဲ့ကြသည်။[16]

KPTJ ၏ မူဘောင်အတွင်း လုပ်ဆောင်နေဆဲဖြစ်သည့် အရပ်ဖက်အဖွဲ့အစည်းများသည် တာဝန်ခံမှုကို လိုက်လံရှာဖွေခြင်းဆိုင်ရာ အကြောင်းပြချက်အပေါ် အပြည့်အဝ သဘောမတူခဲ့ကြပေ။ PEV အတွက် ရာဇဝတ်မှု ဆိုင်ရာတရားစီရင်ရေးသည် ကန်ညာနိုင်ငံတွင် ရေရှည်တည်တံ့သောငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးဆိုင်ရာအာမခံမှု အတွက် ကြိုတင်လိုအပ်ချက်တစ်ခု ဖြစ်ပြီး ရွေးကောက်ပွဲဆက်စပ် အကြမ်းဖက်မှုများ ထပ်မံဖြစ်ပွါးမှုကို ရှောင်ရှား နိုင်သည်ဟု ဘုံသဘောတူညီချက် ချမှတ်နိုင်ခဲ့သည်။ အမှန်တရား၊ တရားမျှတမှုနှင့်တကွ ငြိမ်းချမ်းမှုအတွက် ကန်ညာနိုင်ငံသားများ ဟူသော အမည်ကို ထင်ဟပ်လျက် တရားမျှတမှုနှင့် ငြိမ်းချမ်းရေးသည် အပြန်အလှန် တွန်းအားပေးနေသည့် အခြေခံမူသဘောတရားများဟု ကန်ညာလူထုက ရှုမြင်ကြသည်။[17] PEV အကျပ်အတည်းနှင့် နောက်ဆက်တွဲဖြစ်သည့် စေ့စပ်ရေးဖြစ်စဉ်သည် ကန်ညာနိုင်ငံတွင် ကာလရှည်ကြာတည်ရှိနေခဲ့သည့် ပြစ်ဒဏ်မှ ကင်းလွတ်နေခြင်းပြဿနာအပေါ် ကိုင်တွယ်ဖြေရှင်းခြင်းအတွက် အခွင့်အရေးကောင်း လမ်းစတစ်ခုအဖြစ် ရှုမြင်ခဲ့ ကြသည်။

ဆန့်ကျင်ဘက်အားဖြင့် ငြိမ်းချမ်းရေးအုပ်စုသည် အကြမ်းဖက်မှုကို အဆုံးသတ်ပြီး နိုင်ငံအတွင်း တည်ငြိမ်မှု ရရှိရန်အတွက် တာဝန်ခံမှုကို လိုအပ်သည်ဟု မရှုမြင်ခဲ့ပေ။ အကြီးတန်း နိုင်ငံ့ဝန်ထမ်းများနှင့် နောက်ပိုင်းတွင် TJRC ၏ ဥက္ကဋ္ဌဖြစ်လာသည့် Emmanuel Kiplagat ကဲ့သို့သော ပြည်သူ့ဝန်ထမ်းများဖြင့် ပါဝင်သူစုံလင်လှသော ဤအဖွဲ့သည် အဖွဲ့အစည်းအနေဖြင့် ပိုမိုလျော့တိလျော့ရဲ ဖြစ်ခဲ့သည်။ တရားမျှတရေးအုပ်စုနှင့် ငြိမ်းချမ်းရေးအုပ်စု တို့သည် အချင်းချင်း ပြင်းထန်စွာ ဆန့်ကျင်ခဲ့ကြသည်။[18] ဤတင်းမာမှုများသည် ထိုအုပ်စုနှစ်စု၏ ဖွဲ့စည်းပုံများနှင့် ဆက်စပ်နေပြီး ထိုအချိန်က နိုင်ငံရေးပါတီနှစ်ခုဖြစ်သော PNUနှင့် ODM တို့နှင့် တစ်ပိုင်းတစ်စ ဆက်စပ်နေခဲ့သည်။ ငြိမ်းချမ်းရေးကို ရှေးရှုပြီး တရားမျှတရေးကို အလေးမပေးသည့် အဖွဲ့သည် ယေဘုယျအားဖြင့် Kibaki နှင့် သူ၏ အဖွဲ့ကို ထောက်ခံသူများ ဖြစ်နေကြပြီး တရားမျှတရေးကို အရေးဆိုစည်းရုံးခဲ့သည့်အဖွဲ့သည် Odinga နှင့် သူ၏ အဖွဲ့နှင့် ဆက်စပ်သူများဖြစ်ကြသည်။[19]

တရားမျှတရေးအုပ်စုအနေဖြင့် ထိုအချိန်က အစီအစဉ်အချို့ကို မည်သည့်အတွက်ကြောင့် ခိုင်ခိုင်မာမာ လွှမ်းမိုးနိုင်ခဲ့သည် ဆိုသည်ကို ကူညီဖြေရှင်းရန် အချက်အလက်များစွာ ရှိပါသည်။ ပထမအချက်အနေဖြင့် စီးပွါးရေး

---

[15] ဖြေဆိုသူတစ်ဦးမှတ်ချက်ပြုသည်မှာ 'ရောစပ်ပုံစံ ခုံရုံး hybrid tribunal ကို စားပွဲဝိုင်းတင်ဆွေးနွေးပြီး အားစိုက်ထုတ်ခဲ့ကြသည်၊ သို့သော် အဆိုပါကိစ္စ မဖြစ်နိုင်သောအခါ ICC ဝင်ရောက်လာရန် တိုက်တွန်းခဲ့ကြသည်'။ ပါဝင်သူ၊ ကျွမ်းကျင်ပညာရှင်များ အလုပ်ရုံဆွေးနွေးပွဲ၊ လန်ဒန်၊ ယူကေ၊ ၂၀၁၄ ခုနှစ်၊ မေလ (၆) ရက်။

[16] TJRC နှင့် အမှန်တကယ် ထိတွေ့လုပ်ဆောင်မှုသည် အများအားဖြင့် အပိုင်းကာလ (၂) တွင် ဖြစ်ပွါးခဲ့သည်၊ ထို့ကြောင့် နောင်လာမည့်အပိုင်းတွင် ဆွေးနွေးထားပါသည်။

[17] ဖြေဆိုသူတစ်ဦးက 'ကျွန်တော်တို့ ငြိမ်းချမ်းရေးနဲ့ တရားမျှတရေး၊ နှစ်ခုစလုံးဟာ ကောင်းတယ်လို့ တစ်ချိန်တည်းမှာပဲ ပြောခဲ့ကြတယ်၊ ဘာကြောင့် ကျွန်တော်တို့မှာ နှစ်ခုလုံးမရှိရတာလဲ?' ပုဂ္ဂလိက အင်တာဗျူး၊ NGO ဝန်ထမ်း၊ နိုင်ရိုဘီ၊ ကန်ညာ (အမှတ် ၈), NFA, ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်။

[18] One interviewee observed that the peace and justice camps 'were mutually annoyed with one another,' while another referred to the peace group as 'idiots' who wanted to maintain the status quo. Personal interviews, NGO officials, Nairobi, Kenya (Nos. 6 and 8), NFA, 25 and 26 February 2014.

[19] One interviewee explained that the organizations associated with the ODM wanted political justice 'because they felt had been robbed of election' and that they advocated for accountability for the violence because 'they felt they had been targeted, especially by police shootings.' At the same time, the justice group was supportive of the power-sharing proposal, which would bring Odinga and the ODM into government. Personal interview, NGO official, Nairobi, Kenya (No. 8), NFA, 26 February 2014. 20 Participant, workshop with NGO officials, Nairobi, Kenya, 21 February 2014.

လုပ်ငန်းရှင်များသည် တရားမျှတရေးအုပ်စု၏ အစီအစဉ်ကို ယေဘုယျအားဖြင့် ထောက်ခံခဲ့ကြသည်။ ၎င်းတို့၏ စီးပွါးရေးလုပ်ငန်းများသည် အကြမ်းဖက်မှုများကြောင့် ထိခိုက်ခံခဲ့ရပြီး တာဝန်ခံမှုဟူသော (အကြမ်းဖက်မှုကို ရပ်တန့်နိုင်သည့်) ခြိမ်းခြောက်မှုသာမရှိလျှင် နောက်ထပ် အကြမ်းဖက်မှုများတိုးပွါးနေမည်ဟု ၎င်းတို့က ရှုမြင်ကြသည်။ အင်တာဗျူးဖြေဆိုသူတစ်ဦးက စီးပွါးရေးအသိုင်းအဝိုင်းသည် 'ကိုယ်ကျိုးစီးပွါး' ကို မထည့်တွက်ဘဲ တရားမျှတရေးအုပ်စုနှင့် ချိတ်ဆက်ကြသည်ဟု ဖြေဆိုသော်ငြား စီးပွါးရေးသမားများသည် နိုင်ငံရေးသမားများနှင့် ဆက်နွယ်နေခြင်းကြောင့် ၎င်းတို့၏ ထောက်ခံမှုသည် အရေးပါလှသည်။[20]

ဒုတိယအချက်မှာ အာနန်ဦးဆောင်သော စေ့စပ်ရေးအဖွဲ့သည် တရားမျှတရေးအုပ်စု၏ အစီအစဉ်ကို လိုလားပြီး တရားမျှတမှုအားအာဏာမျှဝေရေးသဘောတူညီမှုဆီသို့ မည်သို့သယ်ဆောင်မည်ဖြစ်ကြောင်းကို အဖွဲ့ဝင်များနှင့် ဆွေးနွေးခဲ့သည်။ တရားမျှတရေးအုပ်စု၏ ယေဘုယျ ရှုမြင်ခံစားချက်မှာ အာနန်နှင့် စေ့စပ်ရေးအဖွဲ့သည် ငြိမ်းချမ်းရေးအုပ်စုထက် 'KPTJ အုပ်စုအပေါ်တွင် များစွာမှီခိုနေပြီး တရားမျှတရေး အစိတ်အပိုင်းကို ဖယ်ထုတ်ထားသော နိုင်ငံရေးဖြေရှင်းမှု အယူအဆကို လျှင်မြန်စွာပင် ဆန့်ကျင်လာခဲ့သည်။[21]

တတိယအချက်မှာ Waki ကော်မရှင်က တရားမျှတရေးအုပ်စု၏ အစီအစဉ်ကို သဘောပေါက်လက်ခံသည့် အတွက်ကြောင့် ဖြစ်သည်။ ဖြေဆိုသူတစ်ဦးက ကန်ညာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အနေဖြင့် ၎င်း၏ ၂၀၀၈ ခုနှစ် အစီရင်ခံစာ 'ချောက်ကမ်းပါးစွန်း' အရ Waki ကော်မရှင်ကို သက်သေများ လွှဲပြောင်းပေးခြင်းဖြင့် Waki ကော်မရှင်၏ အလုပ်ကို မည်သို့လွှမ်းမိုးခဲ့သည်ကို အလေးပေးဖြေဆိုထားသည်။[22] ထပ်မံဖြည့်စွက်လိုသည်မှာ အပြည်ပြည်ဆိုင်ရာ ဥပဒေပညာရှင်များအဖွဲ့ (International Commission of Jurists – ICJ) ကန်ညာ တွင် တာဝန်ထမ်းဆောင်နေသူ George Kegoro သည် Waki ကော်မရှင်တွင် တာဝန်ထမ်းဆောင်ရန် မူလအလုပ်မှ နုတ်ထွက်ခဲ့သည်၊ ဤအချက်သည် ICJ-ကန်ညာ ဦးဆောင်မှုဖြင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေး တွေးဆချက်များ ရုပ်လုံးပေါ်အောင် သယ်ဆောင်လာသည့် အုတ်မြစ်အဖြစ် ယူဆနိုင်ဖွယ်ရှိသည်။[23]

စတုတ္ထအချက်မှာ နိုင်ငံရေးပါဝင်ပတ်သက်သူများအကြားတွင် တာဝန်ခံမှုဆိုင်ရာ ထောက်ခံမှုများ ထိုအချိန်က ရှိခဲ့သည်။ ကျွမ်းကျင်သူတစ်ဦးကမှတ်ချက်ပြုသည်မှာ 'အရပ်ဖက်အဖွဲ့အစည်းတွင် ပါဝင်သူများအနေဖြင့် လက်တွဲပူးပေါင်းဆောင်ရွက်သည့် ညွှန့်ပေါင်းအဖွဲ့အနေဖြင့် တာဝန်ခံလုပ်ဆောင်ဖူးခြင်း မရှိခဲ့ကြပေ၊' သို့သော် နိုင်ငံရေးတွင် အဓိကပါဝင်သူများ၊ အထူးသဖြင့် ODM ၏ အရေးပါသူများသည် တရားမျှတရေးအုပ်စုနှင့် အကျိုးတူ ပူးပေါင်းသည့်အတွက်ကြောင့် '၂၀၀၈ ခုနှစ်တွင် ထိုသို့ ပူးပေါင်းဆောင်ရွက်မှု ကြီးထွားလာခဲ့သည်'။[24] သမ္မတ Kibaki အပါအဝင် နိုင်ငံရေးတွင် အဓိကပါဝင်သူများက ICC ၏ ကြားဝင်ဆောင်ရွက်မှုအပေါ် ကန့်ကွက်ခဲ့လျှင်တောင်မှ တာဝန်ခံမှုဆိုင်ရာ အစီအစဉ်အတွက် ပုံဖော်လုပ်ဆောင်နိုင်ရန် အရေးဆိုစည်းရုံသိမ်းသွင်းနိုင်သည့် အရပ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မှာ နိုင်ငံရေးပံ့ပိုးမှုများဖြင့် ရှေ့ရောက်နှင့်နေဟန်ရှိပေသည်။ ထိုပံ့ပိုး

---

[20] ပါဝင်သူ၊ NGO ဝန်ထမ်းများနှင့် အလုပ်ရုံဆွေးနွေးပွဲ၊ နိုင်ရိုဘီ၊ ကန်ညာ၊ ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၁) ရက်။

[21] Participant, workshop with NGO officials, Nairobi, Kenya, 21 February 2014. These observations are in line with the findings of other studies. See, e.g., Meredith Preston McGhie and E. Njoki Wamai, Beyond the Numbers: Women's Participation in the Kenya National Dialogue and Reconciliation (Geneva: Centre for Humanitarian Dialogue, 2011).

[22] Personal interview, government official, Nairobi, Kenya (No. 2), NFA, 20 February 2014.

[23] According to an interviewee, this 'helped to give a platform; propagate the ideas they had.' ICJ-Kenya may thus have 'planted the seed of international justice' in the Commission. Personal interview, NGO official, Nairobi, Kenya (No. 8), NFA, 26 February 2014.

[24] Participant, workshop with experts, London, UK, 6 May 2014.

မှာ အထူးသဖြင့် ODM ခေါင်းဆောင်များအကြားတွင် ဖြစ်ပေါ်ခဲ့ပြီး အပြန်အလှန်အားဖြင့် တာဝန်ခံမှု ဖြစ်စဉ်ကို လူကြိုက်ပိုမိုများပြားလာစေပြီး အရပ်ဖက်အဖွဲ့အစည်းများ၏ အစီအစဉ်ကို ထောက်ခံမှု များပြားလာခဲ့သည်။[25]

နောက်ဆုံးအချက်မှာ ဤအဆင့်၌ တရားမျှတရေးအုပ်စု၏ အစီအစဉ်အပေါ် လွှမ်းမိုးနိုင်မှုစွမ်းရည်သည် KPTJ အဖွဲ့အစည်း၏ရလာဒ်ကြောင့်ဟု ဖြေဆိုသူများက ဆိုကြသည်။ KNDR က ချမှတ်ထားသော ကွဲပြားသည့် အစီအစဉ်အချက်များအပေါ် 'ဝန်ထုပ်ဝန်ပိုးမျှဝေခြင်း' ကို အဆင်ပြေလွယ်ကူစေပြီး အရေးဆိုစည်းရုံးသိမ်းသွင်းခြင်းကို ပိုမိုထိရောက်စေသည်။ တစ်ချိန်တည်းမှာပင် မိခင်အဖွဲ့အစည်းဖြစ်သည့် KPTJ သည် အရေးဆို စည်းရုံးသိမ်းသွင်းခြင်း၏ ပိုမိုထိလွယ်ခိုက်လွယ်ဖြစ်သည့်ကဏ္ဍများကို မကြာခဏ ကိုင်တွယ်ဖြေရှင်းပေးနေပြီး အဖွဲ့အစည်းအလိုက် ရင်ဆိုင်ကြုံတွေ့ရမည့် အန္တရာယ်ကို လျော့ချနိုင်ခဲ့သည်။[26]

သို့ဖြစ်သောကြောင့် ကာလအပိုင်း (၁) တွင် စိတ်တူကိုယ်တူ အရပ်ဖက်အဖွဲ့အစည်းအုပ်စုများ (KPTJ) ၏ ညွှန်ပေါင်းစုဖွဲ့မှု ဖြစ်ပေါ်လာပြီး အာဖရိကသမဂ္ဂ၏ စေ့စပ်ဖျန်ဖြေသူများက ကြီးကြပ်ကွပ်ကဲသော နိုင်ငံရေးဖျန်ဖြေမှုတွင် တာဝန်ခံမှုအစီအစဉ်ကို ထည့်သွင်းရန် အရေးဆိုစည်းရုံးသိမ်းသွင်းခြင်းကို ထိရောက်မှုရှိစေခဲ့သည်။ အဓိကနိုင်ငံရေး လုပ်ဆောင်သူများ (ODM ခေါင်းဆောင်များ) နှင့် အပြည်ပြည်ဆိုင်ရာအရေးပါသူများက တာဝန်ခံမှုနည်းလမ်းများမှတဆင့် PEV ကို ကိုင်တွယ်ဖြေရှင်းခြင်းတွင် ပံ့ပိုးပေးခဲ့သည့် အခြေအနေကြောင့်ပင် ကန်ညာနိုင်ငံရှိ အရပ်ဖက်အဖွဲ့စည်းများ၏ ထိုအပိုင်းများကို စွမ်းအားမြှင့်တင်စေခဲ့ခြင်းဖြစ်သည်။ စိတ်ဝင်စားဖွယ်ကောင်းသည်မှာ ဤပြည်တွင်းအရပ်ဖက်အဖွဲ့အစည်း လှုပ်ရှားသူများသည် တာဝန်ခံမှုကို ဒေသဆိုင်ရာအဆင့် ဖျန်ဖြေသူများ၏ အစီအစဉ်တွင် တိတိကျကျ ထည့်သွင်းထားနိုင်ရန် ကူညီပံ့ပိုးနိုင်ခြင်းဖြစ်သည်။ တာဝန်ခံမှုဆိုင်ရာ စံနှုန်းများသည် အပြည်ပြည်ဆိုင်ရာမှ ပြည်တွင်းသို့ လွှဲကျဖုံ့နှံ့လာသည်ဟူသော တွေးဆချက်များအပေါ် ချေဖျက်မှုလည်း ဖြစ်ကောင်းဖြစ်နိုင်သည်။ အထက်တွင် ဖော်ပြခဲ့သည် အပြုသဘောဆောင်သော စာပေများတွင် အကြံပြုထားသည့်အတိုင်း တွန့်ဆုတ်နေသည့် အဓိကအရေးပါသော နိုင်ငံရေးသမားများကို ဆွဲဆောင်သိမ်းသွင်းခြင်းထက် ပဋိပက္ခဖြေရှင်းခြင်းဖြစ်စဉ်အတွင်းသို့ တာဝန်ခံမှုဆိုင်ရာ စံနှုန်းများကို ထည့်သွင်းခြင်းအားဖြင့် ကန်ညာနိုင်ငံရှိ လူ့အခွင့်အရေး NGO များ၏ လွှမ်းမိုးနိုင်မှုမှာ ထင်ရှားလာခဲ့သည်။ ထို့အတူ ကွဲပြားခြားနားသော အကြောင်းပြချက်များဖြင့် တာဝန်ခံမှုကို အဓိကထား ထောက်ပံ့ပေးသော နိုင်ငံရေးသမားများနှင့်လည်း မဟာမိတ်ဖွဲ့ရန် အရေးဆိုနိုင်ခဲ့သည်။ သို့သော် တရားမျှတရေးအုပ်စုအနေဖြင့် ကာလအပိုင်း (၁)တွင် တာဝန်ခံမှုဆိုင်ရာ အစီအစဉ်ကို ပုံဖော်နေစဉ်အတွင်း ၎င်း၏ အခန်းကဏ္ဍကို အလေးပေးလွန်းသည့် အန္တရာယ်ရှိနေခဲ့သည်။[27]

ကာလအပိုင်း (၂) – ICC အမှုစုံစမ်းစစ်ဆေးခြင်းဖွင့်သည်မှ ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲကာလအထိ

ဤကာလအပိုင်း (၂) ကို ICC အဖွဲ့အစည်းများ အထူးသဖြင့် ICC ရှေ့နေရုံး (Office of the Prosecutor - OtP) နှင့် တရားမျှတရေးအုပ်စုတို့အကြား အပြန်အလှန် နီးကပ်စွာချိတ်ဆက်မှုများဖြင့် ပုံဖော်ထားပါသည်။ အစိုးရက ICC အမှုစုံစမ်းစစ်ဆေးခြင်းကို ဆန့်ကျင့်သော်လည်း အဓိကအရေးပါသည့် အချို့သော နိုင်ငံရေးသမားများက ICC ကို ထောက်ခံခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် တာဝန်ခံမှု အစီအစဉ်ကို အပြည်ပြည်ဆိုင်ရာမှ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံခဲ့ကြသည်။ ၎င်းတို့ ပေါင်းစည်းခြင်းအားဖြင့် ICC နှင့် ထိတွေ့လုပ်ဆောင်ရာတွင် အရပ်ဖက် အဖွဲ့အစည်းများအတွက် တာဝန်ခံမှုကို မြှင့်တင်ရန် အခွင့်အရေးများဖန်တီးပေးရာ ရောက်ခဲ့သည်။ တဖန် တာဝန်ခံမှုအစီအစဉ်

[25] Participant, workshop with experts, London, UK, 6 May 2014.

[26] Participant, workshop with NGO officials, Nairobi, Kenya, 21 February 2014; personal interview, NGO official, Nairobi, Kenya (No. 9), NFA, 27 February 2014.

[27] As one of the experts consulted for this article noted, 'yes, justice organizations were important at the outset but I don't think they ever drove or captured the agenda.' Participant, workshop with experts, London, UK, 6 May 2014.

ကို မောင်းနှင်ရန် အရပ်ဖက်အဖွဲ့အစည်းများ၏ အရည်အသွေးသည် ပြည်တွင်း နှင့် အပြည်ပြည်ဆိုင်ရာရှိ လုပ်ဆောင်သူများနှင့် မိတ်ဖက်တည်ဆောက်နိုင်မှုအပေါ်တွင် မည်သို့မူတည်နေသည်ကို ပြသနေသည်။ သို့သော် ထိုသို့သောလုပ်ဆောင်သူများနှင့် အပြန်အလှန်နီးကပ်စွာ ချိတ်ဆက်မှုသည် နောက်ပိုင်းတွင် 'တန်ပြန်အကျိုးဆက်' ရှိနိုင်သည်၊ အကြောင်းမှာ အရပ်ဖက်အဖွဲ့အစည်းများ၏ ဘက်မလိုက်မှုကို တာဝန်ခံမှုအကြောင်း ဆန့်ကျင်သူများက မေးခွန်းထုတ်ကောင်း ထုတ်လာနိုင်သောကြောင့် ဖြစ်သည်။ သို့ရာတွင် ၂၀၁၀ ခုနှစ် ဒီဇင်ဘာလတွင် ICC ၏ သံသယတရားခံ အမည်စာရင်းများ ဖော်ပြခြင်းသည် နိုင်ငံရေးအခြေအနေကို ပြောင်းလဲစေခဲ့သည်။ ယခင်က ပြိုင်ဘက်ရန်သူများဖြစ်ကြသော Kenyatta နှင့် Ruto တို့အကြား ညွှန့်ပေါင်းစုဖွဲ့မှုပေါ်ပေါက်လာပြီး တာဝန်ခံမှုဖြစ်စဉ်ကို နိုင်ငံရေးအရ ပိုမိုအသက်ဝင်စေခဲ့ကာ ဥပဒေမဟာဗျူဟာများအပေါ်တည်မှီသော အရပ်ဖက်အဖွဲ့အစည်းများအတွက် စိန်ခေါ်ချက်များဖြစ်စေခဲ့သည်။[28]

တရားမျှတရေးအုပ်စုအနေဖြင့် တရားဝင်စုံစမ်းစစ်ဆေးမှုမဖွင့်မီကပင် OtP နှင့် အပြန်အလှန် ဆက်သွယ်မှုများ စတင်ခဲ့သည်။ PEV ကာလအတွင်းကပင် OtP သည် အချို့သော ကန်ညာအရပ်ဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်မှုရှိခဲ့ပြီး အင်တာဗျူးဖြေဆိုသူများအရ ထိုအချိန်က ICC အနေဖြင့် ကြားဝင်ဆောင်ရွက်မည့် အနေအထား မရှိခဲ့ပေ။ ကနဦးစုံစမ်းစစ်ဆေးမှုတစ်ခု ဖွင့်လှစ်သောအခါ လူ့အခွင့်အရေး NGO များသည် OtP သို့ အစီရင်ခံစာများ ပေးပို့ကြပြီး OtP ၏ ကန်ညာခရီးစဉ်များအတွင်း အလွတ်သဘော စည်းဝေးတွေ့ဆုံမှုများ ပြုလုပ်ခဲ့ကြသည်။[29] ၂၀၀၉ ခုနှစ်၊ မတ်လတွင် အာနန် က နိုင်ငံအတွင်း ICC ကြားဝင်ဆောင်ရွက်နိုင်မှု ဖြစ်နိုင်ချေကို ကွန်ဖရင့်တစ်ခု ပြုလုပ်ဆွေးနွေးခဲ့ပြီး အဆိုပါအရပ်ဖက်အဖွဲ့အစည်းများက ကိုယ်စားပြုပါဝင်ခဲ့ကြသည်။ ၂၀၀၉ ခုနှစ် စက်တင်ဘာလတွင် အသွင်ကူးပြောင်းရေးကာလ တရားစီရင်ရေးအတွက် အပြည်ပြည်ဆိုင်ရာ စင်တာ (International Center for Transitional Justice) ၏ ထောက်ပံ့မှုဖြင့် ပြုလုပ်သော အလုပ်ရုံဆွေးနွေးပွဲအတွင်း ကန်ညာအရပ်ဖက်အဖွဲ့အစည်းများနှင့် OtP တို့အကြား ပထမဆုံး တရားဝင်အစည်းအဝေးကို ဟိဂ်မြို့ ၌ ပြုလုပ်ခဲ့သည်။[30] သို့ရာတွင် စုံစမ်းစစ်ဆေးမှု ဖွင့်လှစ်ပြီးသည့်နောက် တရားမျှတရေးအုပ်စုနှင့် ICC ရှေ့နေ Luis Moreno Ocampo တို့အကြား အပြန်အလှန်ဆက်သွယ်မှု အရှိန်မြင့်မားလာခဲ့သည်။ အထူးသဖြင့် အရပ်ဖက်အဖွဲ့အစည်းများသည် (၁) ပြည်တွင်း တာဝန်ခံမှု ကြိုးပမ်းအားထုတ်မှု အခြေအနေအပါအဝင် 'ကန်ညာနောက်ခံဆက်စပ်အခြေအနေ' များအပေါ် နားလည်လွယ်သော ဖြေရှင်းချက်များ ပံ့ပိုးပေးသည်၊ ကန်ညာစုံစမ်းစစ်ဆေးခြင်းနှင့် ပတ်သက်၍ ပြည်သူသို့ အသိပေးထုတ်ပြန်ချက်များ မည်သို့ အကောင်းဆုံးပြုလုပ်နိုင်သည်ကို အကြံဉာဏ်ပေးသည်၊ (၂) ICC ရှေ့နေ၏ တောင်းဆိုချက်အရ နစ်နာသူများနှင့် မျက်မြင်သက်သေများကို ဆက်သွယ်နိုင်မှုပံ့ပိုးခြင်း အပါအဝင် 'လက်တွေ့မြေပြင်အဆက်အသွယ်များ' ရရှိအောင် ကူညီပေးသည်၊ (၃) နိုင်ငံအတွင်း ICC အစည်းအဝေးများ လွယ်ကူ ချောမွေ့စေရန် ပံ့ပိုးပေးခြင်းနှင့် ICC မှတ်တမ်းရုပ်ရှင်များ ပြသရန် ဟော့စပေါ့နေရာများ ပြင်ဆင်ပေးခြင်းတို့ အပါအဝင် စည်းရုံးသိမ်းသွင်းခြင်းနှင့် ကမ်းလှမ်းထောက်ကူခြင်းလုပ်ငန်းများကို လုပ်ဆောင်ပေးသည်၊ (၄) ICC ကိုယ်စား ကန်ညာသတင်းသမားများကို ICC နှင့် သက်ဆိုင်သော အကြောင်းအရာများ ပို့ချပေးသည်၊ (၅) PEV နှင့် ဆက်စပ်

[28] See, Stephen Brown with Chandra Lekha Sriram, 'The Big Fish Won't Fry Themselves: Criminal Accountability for Post-Election Violence in Kenya,' African Affairs 111(443) (2012): 244-260; Thomas Obel Hansen, 'Transitional Justice in Kenya? An Assessment of the Accountability Process in Light of Domestic Politics and Security Concerns,' California Western International Law Journal 42(1) (2011): 1-35.

[29] Participant, workshop with experts, London, UK, 6 May 2014.

[30] Participant, workshop with NGO officials, Nairobi, Kenya, 21 February 2014.

ခြင်းရာတွင် ကျူးလွန်ခဲ့သော လိင်နှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုဆိုင်ရာ အစီရင်ခံစာများကဲ့သို့သော အမျိုးစုံလင်လှသည့် မှတ်တမ်းများ၊ သုံးသပ်ချက်များကို ICCရှေ့နေအား ပံ့ပိုးပေးသည်။[31]

OtP သည် ICC ၏ အမြင်သာဆုံးသော အဖွဲ့အစည်းအစိတ်အပိုင်းတစ်ခုဖြစ်သော်လည်း တရားမျှတရေးအုပ်စုသည် နစ်နာသူများနှင့် မျက်မြင်သက်သေများဆိုင်ရာ ယူနစ် (Victims and Witnesses Unit – VWU) နှင့် မှတ်ပုံတင်ဌာန (Registry) အပါအဝင် တရားရုံး၏ အခြားအဖွဲ့အစည်းအစိတ်အပိုင်းများနှင့်လည်း အပြန်အလှန်ဆက်ဆံခဲ့သည်။ အဖွဲ့ဝင်အချို့သည် နစ်နာသူများကို မှတ်ပုံတင်ခြင်းတာဝန်ကို အစပြုလုပ်ဆောင်ခဲ့ကြသည်၊ ၎င်းသည် နောက်ပိုင်းတွင် နစ်နာသူအတော်များများကို တတ်နိုင်သမျှ မှတ်ပုံတင်ရန် 'အဆောတလျင်' ပြုလုပ်ခဲ့ခြင်းကြောင့် (နစ်နာသူအများစုက မှတ်ပုံတင်ခြင်း၏ နောက်ဆက်တွဲများကို နားလည်မှုလွဲမှားခဲ့သည့်အတွက်) ပြဿနာဖြစ်ခဲ့သည်ဟု ဖြေဆိုသူအချို့က မှတ်ချက်ပြုခဲ့သည်။[32] ထို့ထက်ပို၍ မှတ်ပုံတင်ဌာနသည် အရပ်ဖက်အဖွဲ့အစည်းများတွင် အလုပ်လုပ်နေသော ကန်ညာရှေ့နေများကို 'တရားရုံးလုပ်ငန်းစဉ်များနှင့် ICC နှင့် ပတ်သက်သော အရာများ' ကို သင်တန်းပေးခဲ့သည်။ ရည်ရွယ်သည်မှာ ကမ်းလှမ်းထောက်ကူလုပ်ငန်းများကို ဆောင်ရွက်သော သီးသန့် အရပ်ဖက်အဖွဲ့အစည်းများ ရရှိနိုင်ရန်ဖြစ်သည်။[33]

အင်တာဗျူးဖြေဆိုသူတစ်ဦး၏အဆိုအရ တရားမျှတရေးအုပ်စု၏ တရားရုံးနှင့် ထိတွေ့ဆက်ဆံမှုသည် ထိုအချိန်၌ အဓိကအချက်နှစ်ခုပေါ်တွင် မူတည်ခဲ့သည် _ PEV ကို ကိုင်တွယ်ရန် ကန်ညာတရားရေးစနစ်၏ စွမ်းရည်မပြည့်ဝမှုအပါအဝင် ကန်ညာဆက်စပ်အခြေအနေများကို ICC တရားသူကြီး (နှင့် ပိုမိုကျယ်ပြန့်စွာဆိုရသော် တရားရုံး) အား နားလည်စေရန်နှင့် 'နစ်နာသူများကို ICC နှင့် ပတ်သက်၍ ယုတ္တိတန်သော မျှော်လင့်ချက်များ ထားနိုင်စေရန်'တို့ ဖြစ်သည်။[34]

ICC အနေဖြင့် ဤကာလအပိုင်းရှိ အရပ်ဖက်အဖွဲ့အစည်းများ၏ တာဝန်ခံမှု မဟာဗျူဟာများ၏ ရှေ့တန်းတွင် ရှိနေသော်လည်း တရားမျှတရေးအုပ်စုသည် တာဝန်ခံမှုအတွက် အခြားချဉ်းကပ်နိုင်သည့် နည်းလမ်းများကိုလည်း ထည့်သွင်းစဉ်းစားခဲ့ကြသည်။ မှတ်သားထိုက်သည်မှာ အစောပိုင်းကာလတွင် TJRC ဖွဲ့စည်းရေးအတွက် အရေးဆိုစည်းရုံးခဲ့ကြသည့် အရပ်ဖက်အဖွဲ့အစည်းအဓိကပါဝင်သူများသည် ကော်မရှင်၏ ဦးဆောင်သူဖြစ်သည့် Kiplagat မှ Moi စစ်အုပ်ချုပ်ရေးအောက်တွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့ကြောင်း စွပ်စွဲချက်များအပါအဝင် ဆိုးရွားသောပြစ်ချက်များစွာရှိနေသည့် ကော်မရှင်နှင့် မိမိတို့အနေဖြင့် လက်တွဲလုပ်ဆောင်ခြင်း ပြု/မပြုကို ဆုံးဖြတ်ခဲ့ကြသည်။ အဖွဲ့အစည်းအတော်များများက TJRC ဖြစ်စဉ်ကို ပွင့်ပွင့်လင်းလင်း ဝေဖန်ခဲ့ပြီး 'အငြင်းပွါးဖွယ်ရာဖြင့် ရုပ်ပျက်စေသည်' ဟု ရှုမြင်ခဲ့ကြသော်လည်း[35] KPTJ နှင့် အချို့သော ပုဂ္ဂလိကအဖွဲ့အစည်းများသည် ဥပမာအနေဖြင့်ဆိုရလျှင် ထုတ်ပြန်ချက်များအား လူထုထံသို့ ဆော်ဩစည်းရုံးပေးခြင်းနှင့် မျက်မြင်သက်သေများအား ထောက်ပံ့ကူညီခြင်းများပြုလုပ်ကာ ဖြစ်စဉ်တွင် ဆက်လက်ပါဝင်ရန်ဆုံးဖြတ်ခဲ့ကြသည်။[36] နောက်ပိုင်းတွင် KPTJ ဦးဆောင်သော တရားမျှတရေးအုပ်စုသည် 'အစီရင်ခံစာကို အားဖြည့်ရန် ကြိုးပမ်းမှုတွင် ဝင်ရောက်ပါဝင်

[31] Participant, workshop with NGO officials, Nairobi, Kenya, 21 February 2014; personal interviews, NGO and government officials, Nairobi, Kenya (Nos. 2, 6, 8 and 9), NFA, 20, 25, 26 and 27 February 2014.

[32] Participant, workshop with NGO officials, Nairobi, Kenya, 21 February 2014.

[33] Personal interview, NGO official, Nairobi, Kenya (No. 9), NFA, 27 February 2014.

[34] Personal interview, NGO official, Nairobi, Kenya (No. 8), NFA, 26 February 2014.

[35] Personal interview, NGO official, Nairobi, Kenya (No. 6), NFA, 25 February 2014.

[36] Personal interview, NGO official, Nairobi, Kenya (No. 9), NFA, 27 February 2014

ခဲ့သည်'၊ အချို့က မထိုက်တန်သော အင်စတီကျူးရှင်းအတွက် တရားဝင်မှုကို ငါးရမ်းပေးလိုက်ရသည်ဟု ထိုပါဝင်ခဲ့မှုအတွက် နောက်ပိုင်းတွင် နောင်တရခဲ့သည်။[37]

ထပ်မံဖြည့်စွက်ရသော် တရားမျှတရေးအုပ်စုအဖွဲ့ဝင်များသည် ကန်ညာအဆင့်မြင့်တရားရုံးရှိ အပြည်ပြည်ဆိုင်ရာ မှုခင်းများဌာန (International Crimes Division – ICD) ၏ အဆိုပြုလွှာကို ကိုင်တွယ်ခဲ့သည်။ ထို အကြောင်းကို ကန်ညာ ICC အမှုများအား ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ရွှေ့ဆိုင်းရန်အတွက် ထောက်ခံမှုများ စုဆောင်းရန် ကြိုးပမ်းအားထုတ်မှုများအကြား ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလတွင် အစိုးရက ကြေညာခဲ့ခြင်းဖြစ်သည်။ TJRC နှင့်အတူ အရပ်ဖက်အဖွဲ့အစည်းတွင် အဓိကပါဝင်သူများ အစိတ်စိတ်အမြွာမြွာ ကွဲထွက်ခဲ့ကြပြီး ICD တည်ဆောက်ခြင်းလုပ်ငန်းစဉ်တွင် ပါဝင်မှု ရှိ၊ မရှိနှင့် မည်မျှအထိ ပါဝင်နေသည်ကို တစ်ခါတစ်ရံတွင် ရှင်းလင်းကွဲပြားစွာ ဖော်ပြခြင်းမရှိခဲ့ပေ။ တာဝန်ခံမှုဆိုင်ရာ ဖြည့်စွက်လုပ်ငန်းစဉ်တစ်ခုလိုအပ်သော်လည်း ICD အဆိုပြုလွှာသည် ဆိုးရွားသော အပြစ်အနာဆာများရှိနေပြီး ၎င်းမှာ အစိုးရ၏ ICC ကို စိန်ခေါ်သော နည်းလမ်းတစ်ခုအဖြစ် ရည်ရွယ်သည်ဟု ဖြေဆိုသူများက ယေဘုယျအနေဖြင့် မှတ်ချက်ပြုကြသည်။ ဤသတိပြုမိသော စိန်ခေါ်ချက်များသာမက အစိုးရအနေဖြင့် အဆိုပြုလွှာနှင့် ပတ်သက်၍ အရပ်ဖက်အဖွဲ့အစည်းအဓိကအရေးပါသူများနှင့် အလုံအလောက် တိုင်ပင်ရန် ပျက်ကွက်ခဲ့သည်ဟူသော မှတ်ချက်ပြုမှုများကြောင့် အဖွဲ့အစည်းအတော်များများက 'လာမည့်ကာလ လက်တွဲလုပ်ဆောင်ခြင်း'ကို မပြုလုပ်ကြောင်း ဆုံးဖြတ်ခဲ့ကြသည်။[38] (ကျူးကျော်ဝင်ရောက်ခြင်း၊ တရားမဝင်ပစ္စည်းစွန့်ပစ်ခြင်း၊ အကြမ်းဖက်ခြင်း၊ အကျင့်ပျက်ချစားခြင်းနှင့် နိုင်ငံဖြတ်ကျော်မှုခင်းများ ကဲ့သို့သော) '၎င်းတို့နှင့် သက်ဆိုင်သည်ဟုထင်သည့်' အရာများကို တစ်စိတ်တစ်ပိုင်း ကိုင်တွယ်ဖြေရှင်းသည်မှလွဲ၍ အခြားသော အဖွဲ့အစည်းများသည် လုပ်ငန်းစဉ်တွင် ပါဝင်ရန် ဆုံးဖြတ်ခဲ့ကြသည်။[39] ထို့ကြောင့်ပင်လျှင် တာဝန်ခံမှုဆိုင်ရာ မဟာဗျူဟာများအရ ယခင်က စုစည်း(လုနီးပါးမျှ)ရပ်တည်ခဲ့ကြသော တရားမျှတရေးအုပ်စုသည် 'ICD ကိစ္စရပ်ကြောင့် ခွဲထွက်မှု' ဖြစ်ပေါ်လာသည်ဟု အင်တာဗျူးဖြေဆိုသူတစ်ဦးက မှတ်ချက်ပြုလေသည်။[40]

နောက်ဆုံးအနေဖြင့် အရပ်ဖက်အဖွဲ့အစည်းများသည် KNDR မူဘောင်အတွင်း သဘောတူထားခဲ့သော အသွင်ကူးပြောင်းရေးအစီအစဉ်အပေါ် အလေးထားခဲ့ကြသည်။ အချို့က တရားရေးကဏ္ဍ ပြုပြင်ပြောင်းလဲရေးများဆိုင်ရာ အလုပ်များကို လုပ်ဆောင်ခဲ့ကြပြီး အခြားသူများကလည်း အမျိုးသားရဲတပ်ဖွဲ့ ဝန်ဆောင်မှု ကော်မရှင် (National Police Service Commission) နှင့် လက်တွဲကာ စိစစ်ခြင်းဆိုင်ရာ တရားဝင်မူဘောင်တစ်ခု ဖန်တီးရန်နှင့် PEV တွင် ပါဝင်ခဲ့သော ရဲအရာရှိများအား စုံစမ်းစစ်ဆေးခြင်း သေချာမှုရှိစေရန် လုပ်ဆောင်ခဲ့ကြသည်။[41] တရားရုံး၏ လုပ်ငန်းဆောင်ရွက်မှုများအပေါ် နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုများရှိနေသည့်အထောက်အထားများကြောင့် တရားစီရင်ရေးကဏ္ဍမှာ 'သပွတ်အူလိုက်ရှုပ်ထွေး' နေခဲ့ပြီး ဤလုပ်ငန်းစဉ်များတွင် ထဲထဲဝင်ဝင် ပါဝင်နိုင်ရန် ခက်ခဲသည်ဟု အချို့အဖွဲ့အစည်းများက သတ်မှတ်ကြသည်။[42]

---

[37] Personal interview, NGO official, Nairobi, Kenya (No. 6), NFA, 25 February 2014.

[38] Participant, workshop with NGO officials, Nairobi, Kenya, 21 February 2014; personal interviews, NGO officials, Nairobi, Kenya (Nos. 1 and 6), NFA, 18 and 25 February 2014.

[39] Personal interviews, NGO and government officials, Nairobi, Kenya (Nos. 1, 2, 7 and 9), NFA, 18, 20 and 27 February 2014.

[40] Personal interview, NGO official, Nairobi, Kenya (No. 9), NFA, 27 February 2014. A donor representative consulted felt that it was 'pretty boneheaded' that civil society actors have disassociated themselves from the ICD proposal because they could have made 'the clear case that any ICD should deal with PEV' crimes. Personal interview, diplomat, Nairobi, Kenya (No. 10), NFA, 29 February 2014.

[41] Personal interviews, NGO officials, Nairobi, Kenya (Nos. 7 and 9), NFA, 25 and 27 February 2014.

[42] Personal interview, donor official, Nairobi, Kenya (No. 3), 20 February 2014.

ကာလအပိုင်း (၃) - ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲမှသည် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလအထိ

ဤကာလအပိုင်း (၃) တွင် Kenyatta နှင့် Ruto တို့ကို သမ္မတနှင့် ဒုတိယသမ္မတအဖြစ် အသီးသီး ရွေးကောက်တင်မြှောက်လိုက်သည့်အတွက် တရားမျှတရေးအုပ်စုအတွင်း တုန်လှုပ်အံ့သြမှုဖြင့် ပုံဖော်ထားသည်၊ တနည်းဆိုရသော် သမ္မတရွေးကောက်တင်မြှောက်မှု ရလာဒ်၏ တရားဝင်ဖြစ်အမှုအပေါ် ဆန့်ကျင်တင်သွင်းထားသည့် သက်သေအထောက်များကို တရားလွှတ်တော်ချုပ်က လစ်လျူရှုခဲ့သည်ဟု ဖြေဆိုသူအချို့က ပြောကြ သည်။[43] ICC ၏ သံသယတရားခံနှစ်ဦးမှာ အာဏာရှိသူများဖြစ်လာကြသောအခါ တရားမျှတရေးအုပ်စုသည် တာဝန်ခံမှုအတွက် အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ တရားစီရင်ရေးအတွက် တက်တက်ကြွကြွ တွန်းပို့နိုင်တော့မည်မဟုတ်ကြောင်း သတိပြုနားလည်ကြလေသည်။ ကန်ညာလူ့အခွင့်အရေး NGO များကလည်း အစိုးရတာဝန်ခံမှုနှင့် ပတ်သက်ပြီး လုပ်ဆောင်ရပါက မိမိတို့ကိုယ်ကို ခုခံကာကွယ်နေရမှုအဖြစ်သာ သတ်မှတ်ကြလေသည်။[44] ထပ်မံဖြည့်စွက်ရသော် အဆိုပါကာလ၌ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအုပ်စုများအကြား စုစည်းမှုလည်း ထပ်မံကျဆင်းသွားခဲ့သည်။ အကြောင်းမှာ အစိုးရ၏ အရပ်ဖက်အဖွဲ့အစည်းများကို ပစ်မှတ်ထားခြင်း၊ ထိရောက်သော နိုင်ငံရေးအရ ဆန့်ကျင့်အုပ်စုများ၊ မီဒီယာနှင့် အပြည်ပြည်ဆိုင်ရာ ပံ့ပိုးထောက်ပံ့သူများ အပါအဝင် အရေးကြီးသော မိတ်ဖက်များ တစ်စိတ်တစ်ပိုင်း ဆုံးရှုံးသွားခြင်း စသည့်အကျိုးဆက်များကြောင့် ဖြစ်လေသည်။[45] အချို့သော အဖွဲ့အစည်းများက ၎င်းတို့အနေဖြင့် တာဝန်ခံမှုဆိုင်ရာ မြှင့်တင်ခြင်းအတွက် 'ဖြစ်နိုင်သမျှသော နည်းလမ်းအားလုံး ကြိုးစားခဲ့' ပြီးပြီလောဟု မေးခွန်းထုတ်စ ပြုလာခဲ့သည်။ အချို့သော အဖွဲ့များက ၎င်းတို့အနေဖြင့် လူထုအဆင့်တွင် ရာဇဝတ်မှုဆိုင်ရာ တာဝန်ခံမှုမှ တရားမျှတခြင်းကို ပြန်လည်အားသစ်လောင်းပေးမှုဆီသို့ ဦးတည်ချက်ထား ရွှေ့ပြောင်းရန် စတင်အရိပ်အယောင်ပြလာကြသည်။[46] ဤအချက်သည် 'တရားစီရင်ရေး အလွှာအဆင့်ဆင့်' အကြောင်း တောင်းဆိုချက်များသည် တာဝန်ခံမှုဖြစ်စဉ်ကို လျှော့ချရန် နိုင်ငံရေးသမားများ၏ စွမ်းဆောင်ရည်ကို အပြည့်အဝ အသိအမှတ်မပြုကြောင်း ပုံဖော်ထားသည်၊ ထို့ကြောင့် စံသတ်မှတ်ချက် ဆွဲဆောင်လွှမ်းမိုးမှုဖြင့် တာဝန်ခံမှုကို ချဉ်းကပ်ရန် ကြိုးပမ်းကြသော အရပ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်ကို အကန့်အသတ်ဖြစ်စေခဲ့သည်။ မည်သို့ပင်ဆိုစေကာမူ အဆိုပါ အရပ်ဖက်အဖွဲ့အစည်း အဓိကအရေးပါသူများက အစိုးရကို ၎င်း၏ တာဝန်ဝတ္တရားများ ဖြည့်ဆည်းပေးရန် ပျက်ကွက်သည့်အတွက် တရားမမှု စွဲဆိုခြင်းအပါအဝင် တာဝန်ခံမှုအား ဆက်လက်လုပ်ဆောင်နိုင်မည့် အခြားသော နည်းဗျူဟာများ ဖန်တီးရန် ကြိုးပမ်းကြလေသည်။

အောက်တွင် အသေးစိတ် ဆွေးနွေးထားသကဲ့သို့ Kenyatta နှင့် Ruto တို့၏ ရွေးကောက်ပွဲအောင်မြင်မှုများနောက်တွင် ကန်ညာအစိုးရသည် အနောက်ဘက်ရှိ နယ်ချဲ့အာဏာရှင်များအားဖြင့် မောင်းနှင်သော တာဝန်ခံမှုဖြစ်စဉ်အကြောင်းနှင့် ထိုအာဏာရှင်တို့ကိုယ်စားလုပ်ဆောင်နေသော ပြည်တွင်းအရပ်ဖက်အဖွဲ့အစည်းတစ်ခု အပါအဝင် လုပ်ဇာတ်တစ်ခု ဖန်တီးပြီး ICC နှင့် ၎င်းကို ပံ့ပိုးပန်ရှိသော အရေးပါသူများကို တိုက်ခိုက်ရန် အရင်းအမြစ်အမြောက်အမြား အသုံးပြုခဲ့သည်။ တရားမျှတရေးအုပ်စုသည် အစိုးရ၏ ပုံပြင်ဗားရှင်းဖြစ်သည့် ကန်ညာအရပ်ဖက်အဖွဲ့အစည်းများသည် ကန်ညာကို ICC သို့ ပို့ဆောင်ခဲ့သည့် 'မျိုးချစ်စိတ်မရှိသူများ' ဖြစ်ကြသည်ဟူသော လုပ်ဇာတ်ကို ရင်ဆိုင်ရန် ကြိုးစားရုန်းကန်ရလေသည်။[47]

---

[43] Participant, workshop with experts, London, UK, 6 May 2014.

[44] Personal interview, NGO official, Nairobi, Kenya (No. 1), NFA, 18 February 2014.

[45] Participant, workshop with experts, London, UK, 6 May 2014.

[46] Participant, workshop with NGO officials, Nairobi, Kenya, 21 February 2014; personal interviews, NGO and government officials, Nairobi, Kenya (Nos. 2 and 5), NFA, 20 and 25 February 2014.

[47] Participants, expert workshop convened by authors, Nairobi, Kenya, 21 February 2014.

ကျွန်ုပ်တို့၏ ကွင်းဆင်းလေ့လာမှုတွင် အစိုးရ၏ လုပ်ဇာတ်ပုံပြင်ကို တန်ပြန်ချေဖျက်နိုင်သော နည်းဗျူဟာတစ်ခုကို ဖန်တီးရာတွင် တွေ့ကြုံရသော အခက်အခဲများအကြောင်း ရှင်းလင်းချက်မျိုးစုံကို အလေးပေးဖော်ပြထားသည်။ ထို့ကြောင့်ပင် တာဝန်ခံမှုဖြစ်စဉ်ကို ထိရောက်စွာ တွန်းပို့နေကြသော ကြိုတင်ဖန်တီးတက်ကြွကြသည့် အရပ်ဖက်အဖွဲ့အစည်းများ၏ ထိရောက်မှုမှာလည်း ကျဆင်းလာခဲ့သည်။ ICC ၏ စွပ်စွဲမှုဖြင့် နိုင်ငံတွင်း ဖမ်းဆီးခံရနိုင်ချေရှိသူများ အနိုင်ရရှိခဲ့သည့် ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲရလာဒ်ကြောင့် လူ့အခွင့်အရေး NGO များ အံ့သြတုန်လှုပ်ခဲ့ရသည်။ ထို NGO များက အစိုးရ၏ တင်းကြပ်လာသော နှောင့်ယှက်မှုများကို တုန့်ပြန်ရန် ခက်ခဲကြောင်းလည်း တွေ့ရှိခဲ့သည်။[48] ICC ၏ သံသယ တရားခံနှစ်ဦးရွေးကောက်ပွဲသည် အဓိကအားဖြင့် တရားမျှတရေးအုပ်စု၏ အဖွဲ့ဝင်အချို့အား ဥပဒေဆိုင်ရာနှင့် ယခင်ကအသုံးပြုခဲ့သော အချက်အလက်အခြေပြု နည်းဗျူဟာများအပေါ် မေးခွန်းထုတ်စေခဲ့သည်။ သို့သော်ငြားလည်း အလုံးစုံလွှမ်းခြုံနိုင်သော မဟာဗျူဟာအသစ်ကို မဖန်တီးနိုင်ခဲ့ကြပေ။ အင်တာဗျူးဖြေဆိုသူတစ်ဦးက 'ကျွန်တော်တို့ ချဉ်းကပ်နည်းက 'ရာဇဝတ်မှုများ ကျူးလွန်ခဲ့သလား' ဖြစ်နေတဲ့အတွက် ကျွန်တော်တို့ အရမ်းကြီး ထိထိရောက်ရောက် မရှိခဲ့ဘူး' ဟု ရှင်းလင်းဖြေဆိုထားသည်။ ထို့ကြောင့်ပင် Kenyatta အုပ်ချုပ်ရေးက ဖန်တီးထားသည့် နိုင်ငံရေး၊ လူမျိုးရေးနှင့် သမိုင်းကြောင်းဆိုင်ရာ လုပ်ဇာတ်ပုံပြင်များကို ချေဖျက်ရန် မစွမ်းဆောင်နိုင်ဟု တရားမျှတရေးအုပ်စုက သတိပြုမိလာကြသည်။[49] သို့သော် လူ့အခွင့်အရေး NGO များသည် ပြည်ပအစိုးရများကိုယ်စား အလုပ်လုပ်နေခြင်းပြီး ကန်ညာ၏ အချုပ်အခြာ အာဏာကိုလျော့ချရန် ကြိုးပမ်းနေသည်ဟူသော စွပ်စွဲချက်ကို ချေဖျက်ရန်အလို့ငှါ ဤကာလအပိုင်း၌ နည်းလမ်းတစ်ခုကို တီထွင်ခဲ့သည်။ ၎င်းမှာ 'ပွင့်ပွင့်လင်းလင်းပြောရန်နှင့် ပွင့်ပွင့်လင်းလင်းလုပ်ရန်ဖြစ်ပြီး ဤသည်မှာ ကျွန်ုပ်တို့အား စိတ်ဓာတ်လှုံ့ဆော်မှုဖြစ်စေသည်' ဟု သတ်မှတ်ကြပြီး အနောက်နိုင်ငံများက ကန်ညာအစိုးရအပေါ် ကြီးမားသည့် အတိုင်းအတာတစ်ခုအထိ ငွေကြေးပံ့ပိုးမှုရှိသည်ကို ညွှန်ပြပြောဆိုခြင်းဖြစ်သည်။[50] သို့သော် အောက်တွင် အသေးစိတ်ဆွေးနွေးထားသကဲ့သို့ တရားမျှတရေးအုပ်စုသည် ဤအချက်ကို ဆောင်ရွက်ရာတွင် မီဒီယာများသို့ လက်လှမ်းမီနိုင်မှု အခက်အခဲများအပါအဝင် စိန်ခေါ်ချက်များနှင့် ရင်ဆိုင်ခဲ့ရသည်။ ထို့ပြင် ICC ၌ ဖြစ်ပေါ်လာသော တိုးတက်မှုများသည် မဟာဗျူဟာမြောက်သော ရွေးချယ်ဖွယ်နည်းလမ်းများကို ကန့်သတ်ထားပြီး ICC ကို ထောက်ခံသော အဖွဲ့အစည်းများအကြား သဘောမတူမှုကို ဖန်တီးပေးသည်။[51] ထိုအချက်ကိုလည်း အောက်တွင် ဆွေးနွေးထားပါသည်။ ICC ကိစ္စရပ်များ၌ ဘုံအစီအစဉ်တစ်ခု ပျောက်ဆုံးသွားသည်ဟူသော ယူဆချက်သည် တရားမျှတရေးအုပ်စုအနေဖြင့် 'ပတ်ပတ်လည် စည်းရုံးဆော်သြနိုင်မှု' တစ်စုံတစ်ခု ပျောက်ဆုံးသွားခြင်းဟု ဆိုနိုင်ပါသည်။[52]

ကန်ညာနိုင်ငံအတွင်း အစိုးရကို စိန်ခေါ်ရာတွင် ဖြစ်ပေါ်လာသော ကန့်သတ်ချက်များအတွင်း အရပ်ဖက်အဖွဲ့အစည်းများသည် ကာလအပိုင်း (၃) တွင် ဆက်လက်လုပ်ဆောင်မည့် တာဝန်ခံမှုအစီအစဉ် သို့မဟုတ် အနည်းဆုံးအနေဖြင့် အစိုးရ၏ လုပ်ဇာတ်ပုံပြင်ကို ခုခံပြောဆိုရန် အပြည်ပြည်ဆိုင်ရာဖိုရမ်များကို အသုံးပြု ဖြေရှင်းခဲ့သည်။ အထူးသဖြင့် အရပ်ဖက်အဖွဲ့အစည်းများက အစိုးရ၏ (လုပ်ဇာတ်ဖန်တီးထားသော) ကမ်ပိန်းများတွင် တိကျမှန်ကန်မှုမရှိသည်များ အပါအဝင် ကန်ညာအခြေအနေအကြောင်း သိရှိနားလည်လာနိုင်စေရန် ၂၀၁၃ ခုနှစ် Rome ဖွဲ့စည်းပုံစာချုပ်အဖွဲ့ဝင်များညီလာခံ (Assembly of States Parties 'ASP' to the Rome Statute) အား မည်သို့ ထိရောက်စွာ အသုံးချခဲ့သည်ကို ဖြေဆိုသူအများစုက အလေးပေးဖြေဆိုကြသည်။ တရားမျှတရေးအုပ်စုက

---

[48] Personal interview, donor official, Nairobi, Kenya (No. 11), NFA, 29 February 2014.

[49] Personal interviews, NGO and donor officials, Nairobi, Kenya (Nos. 4 and 8), NFA, 24 and 26 February 2014.

[50] Personal interview, NGO official, Nairobi, Kenya (No. 8), NFA, 26 February 2014.

[51] Personal interview, NGO official, Nairobi, Kenya (No. 6), NFA, 25 February 2014.

[52] Participant, workshop with experts, London, UK, 6 May 2014.

ကန်ညာအစိုးရ၏ လုပ်ဇာတ်ပုံပြင်များကို ASP ၌ ထိထိရောက်ရောက် စိန်ခေါ်နိုင်ခဲ့သည်ဟု ဖြေဆိုသူများက အသိအမှတ်ပြုကြသည်။ ကောင်းမွန်စွာ စုစည်းထားသည့် ကမ်ပိန်းဆောင်ရွက်မှုဖြင့် အစိုးရအလစ်အငိုက်ကို ဖမ်းယူလိုက်နိုင်သည်ဟုလည်း ထင်ကြသည်။[53] အထူးသဖြင့် အဖွဲ့အစည်းများ၏ စကားအရဆိုသော် အမှုကြားနာစီရင်ရာ၌ တရားရုံးရှေ့မှောက် လူကိုယ်တိုင်လာရောက်ရမည်ဆိုသည့်အချက်ကို နိုင်ငံခေါင်းဆောင်များအား ကင်းလွတ်ခွင့်ပြုခြင်းအပါအဝင် ကန်ညာ ICC ကိစ္စရပ်နှင့် ဆက်စပ်နေသော အခြားစည်းမျဉ်းများကို ပြင်ဆင်ရန် ကြိုးပမ်းသော အစိုးရ၏ အားထုတ်မှုအား တန်ပြန်ချေဖျက်ရန် 'အတော်များများ လုပ်ဆောင်ခဲ့သည်' ဟုဆိုကြသည်။[54] စုံညီအစည်းအဝေးနှင့် ပွဲစဉ်အစည်းအဝေးများတွင် ဝင်ရောက်ဆွေးနွေးခြင်း၊ ရပ်တည်ချက်အဆိုပြုလွှာစာတမ်း (အစိုးရ၏ တရားဝင်ဝန်ထမ်းများက စားပွဲဝိုင်း(အစီအစဉ်) မှ ဖယ်ရှားရန် ကြိုးပမ်းခဲ့ကြသည်) ကို ထုတ်ပြန်ခြင်းတို့ကို အရပ်ဖက်အဖွဲ့အစည်းများက လုပ်ဆောင်ခဲ့ပြီး တည်ရှိဆဲ ပြည်တွင်းတာဝန်ခံမှုဖြစ်စဉ်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အစိုးရ၏ သတင်းအချက်အလက်များကို တုန့်ပြန်ခဲ့ကြသည်။[55] ပြည်တွင်းအဖွဲ့အစည်းအရေးပါသူများသည် အစောပိုင်းကာလ အပြည်ပြည်ဆိုင်ရာ စေ့စပ်ညှိနှိုင်းမှုဖြစ်စဉ်ကဲ့သို့ တာဝန်ခံမှုနှင့် ပတ်သက်သော လမ်းကြောင်းကို ပုံဖော်နိုင်စွမ်းရှိသည့် ၎င်းတို့၏ စွမ်းရည်ကို တစ်ဖန် သရုပ်ပြခဲ့ကြခြင်းဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ အောက်တွင်ဆွေးနွေးထားသကဲ့သို့ အမှုကြားနာစီရင်ရာတွင် လူကိုယ်တိုင်လာရောက်ရန် စည်းမျဉ်းများအား ပြင်ဆင်လိုသည့် စာချုပ်အဖွဲ့ဝင်များ၏ စိတ်ဆန္ဒအပေါ် ဖြေဆိုသူအချို့က ဝေဖန်ခဲ့ကြပြီး ဆိုလိုသည်မှာ အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် ကန်ညာအစိုးရ၏ တန်ပြန်တင်ပြချက်အချို့အပေါ် ရင်ဆိုင်ချေဖျက်ရန် စီစဉ်လုပ်ဆောင်နိုင်ခဲ့လျှင်တောင်မှ ASP ၏ အန္တိမ ရလာဒ်မှာ သေချာပေါက် အောင်မြင်မှုတစ်ခု မရနိုင်ခဲ့ပေ။[56]

ထို့နောက်တွင် ရာဇဝတ်ကြောင်းဆိုင်ရာတာဝန်ခံမှုအား လိုက်ပါဆောင်ရွက်ရာ၌ စိန်ခေါ်ချက်များ ဖြစ်ပေါ်လာခြင်းကြောင့် တရားမျှတရေးအုပ်စုအဖွဲ့ဝင်များသည် အခြားသော နည်းလမ်းများကို စတင်စဉ်းစားလာကြသည်။ ထိုနည်းလမ်းများတွင် အမှုများအား ဒေသဆိုင်ရာတရားရုံးများ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးသဘောတူစာချုပ်ဆိုင်ရာ အဖွဲ့အစည်းများသို့ တင်သွင်းခြင်း၊ ကမ္ဘာလုံးဆိုင်ရာ တရားစွဲဆိုနိုင်မှု၊ ပုဂ္ဂလိက တရားစွဲဆိုနိုင်မှု၊ အပြည်ပြည်ဆိုင်ရာနှင့် ပြည်တွင်းဥပဒေရှိ တာဝန်ဝတ္တရားများ ဖြည့်ဆည်းရန် ပျက်ကွက်သည့်အတွက် အစိုးရအား တရားမကြောင်းအရ တရားစွဲဆိုခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများအား မှတ်တမ်းတင်ခြင်းနှင့် သက်သေများအား သိမ်းဆည်းခြင်း၊ သေမှုသေခင်းစုံစမ်းစစ်ဆေးရန် လူထု၏ တောင်းဆိုမှုအား လုပ်ဆောင်ခြင်း တို့ပါဝင်သည်။ အဖွဲ့အစည်းအများစုအနေဖြင့် ပထမနည်းလမ်း သုံးခုကို လုပ်ဆောင်ရန် ဖြစ်နိုင်ချေ မရှိပေ၊[57] သို့သော် အစိုးရအား တရားမကြောင်းအရ တရားစွဲဆိုခြင်းတွင် အတော်အတန် အကောင်းမြင်ကြသည်။ PEV အကျပ်အတည်းကာလအတွင်း ဥပဒေကို လိုက်နာရန် ပျက်ကွက်မှုအတွက် အစိုးရအေဂျင်စီများကို အမှုအတော်များများဖြင့် တရားစွဲဆိုခဲ့သည်၊ ၎င်းအမှုများတွင် လိင်နှင့် ကျား၊ မရေးရာ အခြေပြု အကြမ်းဖက်မှု၊ ရဲက ပစ်ခတ်ခြင်းများနှင့် ပြည်တွင်း ရွှေ့ပြောင်းရခြင်းများ ပါဝင်သည်။ ဤသို့ ပြုလုပ်ခြင်းသည် ၂၀၁၀ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ တည်ရှိသည့် တရားစီရင်ရေးကဏ္ဍများကို 'စမ်းသပ်'လိုက်ခြင်းဖြစ်သည်ဟု ဖြေဆိုသူအချို့က ရှုမြင်ကြသည်။[58] နောက်ဆုံးအချက်အနေဖြင့် အချို့သော လူ့အခွင့်အရေး NGO များက သေမှုသေခင်းဆိုင်ရာနှင့် ပတ်သက်သော လူထု

[53] Personal interview, NGO official, Nairobi, Kenya (No. 8), NFA, 26 February 2014.

[54] Personal interview, donor official, Nairobi, Kenya (No. 11), NFA, 29 February 2014.

[55] Personal interview, NGO official, Nairobi, Kenya (No. 8), NFA, 26 February 2014.

[56] Personal interviews, NGO and donor officials, Nairobi, Kenya (Nos. 6 and 11), NFA, 25 and 29 February 2014.

[57] Personal interviews, NGO officials, Nairobi, Kenya (Nos. 1, 6, 8 and 9), NFA, 18, 25, 26 and 27 February 2014.

[58] Personal interview, NGO official, Nairobi, Kenya (No. 9), NFA, 27 February 2014.

တောင်းဆိုမှုများတွင် ပါဝင်လာကြသည်။ သာမာန်သေဆုံးမှုအဖြစ် ပိတ်သိမ်းလိုက်သော သံသယအမှုများကို သေမှုသေခင်းဆိုင်ရာဖြစ်စဉ် တစ်စိတ်တစ်ပိုင်းအဖြစ် ရဲတပ်ဖွဲ့က စုံစမ်းမှု ပြုလုပ်ပြီး တရားစွဲဆိုခြင်းအတွက် အထောက်အပံ့ရရန် ရည်ရွယ်သော သဘောဖြစ်သည်။[59]

တရားမျှတရေးအုပ်စုဝင်များသည် TJRC နှင့်လည်း မည်သို့ ဆက်ဆံမည်ကို ဆုံးဖြတ်ကြသည်။ TJRC အနေဖြင့် ဤကာလ အပိုင်း (၃) တွင် ၎င်း၏ အစီရင်ခံစာကို လူထုသို့ ထုတ်ပြန်ထားသည်။ ဖြေဆိုသူများက ထိုအစီရင်ခံစာ၏ ချန်လှပ်ထားမှုများကို ဖော်ပြကြသည်။ အင်တာဗျူးဖြေဆိုသူတစ်ဦးက ဖြစ်စဉ်တစ်ခုလုံးသည် 'ဗျူရိုကရက်များက ဖန်တီးလုပ်ဆောင်နေသော ရေသေ [တစ်ခု] နှင့် တူသည်၊ ၎င်းတွင် အစိုးရက ဗြောင်ကျကျနှင့် ပွင့်ပွင့်လင်းလင်း ဝေဖန်ပြီး... ကျွန်ုပ်တို့ [အရပ်ဖက်အဖွဲ့အစည်း] ကလည်း ဗြောင်ကျကျနှင့် ပွင့်ပွင့်လင်းလင်း ဝေဖန်သည်။'[60] အဆိုပါ အကြောင်းပြချက်များကြောင့်လည်းကောင်း၊ ဖြေဆိုသူတစ်ဦး၏အဆိုအရ 'အရပ်ဖက်အဖွဲ့အစည်းများ၏ စိတ်ဓာတ်ကျဆင်းအားလျော့လာမှု' ကြောင့်လည်းကောင်း၊ အဖွဲ့အစည်းများအကြား TJRC ၏ အစီရင်ခံစာထုတ်ပြန်ရေးအတွက် အကန့်အသတ်ဖြင့်သာ တွန်းအားပေးနိုင်ခဲ့သည်။[61] ဤသို့သော စိတ်ပျက်ဖွယ်ရာများအပြင် ဖြစ်စဉ်၏ ချို့ယွင်းချက်များကို မည်သို့ကိုင်တွယ်ဖြေရှင်းမည်ဆိုသည့် ရှင်းလင်းသော မဟာဗျူဟာ ပျောက်နေသော်ငြား အချို့သောအဖွဲ့အစည်းများသည် TJRC ဖြစ်စဉ်၏ နောက်ဆုံးအဆင့်တွင် ပါဝင်ရန် ဆုံးဖြတ်ခဲ့ကြသည်။ မှတ်သားဖွယ်ရာမှာ KPTJ အစီရင်ခံစာ 'အနှစ်ချုပ်'မူကွဲကို ဖြန့်ချိနိုင်ခဲ့ခြင်းဖြစ်သည်။[62]

ကန်ညာ အရပ်ဖက်အဖွဲ့အစည်း မဟာဗျူဟာများ၏ ချိန်ရွယ်ပစ်မှတ်များနှင့် ၎င်းတို့၏ တုန့်ပြန်မှုများ

ကန်ညာအရပ်ဖက်အဖွဲ့အစည်းများသည် အမျိုးအစားစုံလင်လှပြီး တစ်ခါတစ်ရံတွင် ယှဉ်ပြိုင်သည့်အနေအထားမျိုး ရှိကြသည်၊ အမှန်စင်စစ် အစိတ်စိတ်အမြွာမြွာ ဖြစ်နေပြီး ရှုပ်ထွေးလှကာ ပမာဏလည်း ထင်ရှားကြီးမားလှသည်။ ၎င်းတို့သည် Moi ခေတ်အတွင်း ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို မြှင့်တင်ရာတွင် အရေးပါခဲ့ပြီး အကျိုးဆက်အား ဖြင့် တက်ကြွလှုပ်ရှားသူအများစုသည် နောက်ပိုင်း အစိုးရအဖွဲ့များအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ထို့အတွက် ကြောင့် အကြမ်းဖက်မှု အဆုံးသတ်ခြင်းအား မြှင့်တင်ခြင်း၊ ကန်ညာနိုင်ငံအတွင်း ငြိမ်းချမ်းရေးနှင့် တရားမျှတရေး တောင်းဆိုချက်များကို တွန်းအားပေးခြင်း၊ ပြည်တွင်း မိဒီယာများမှတဆင့် အစိုးရအား ဖိအားပေးခြင်း၊ ကုလသမဂ္ဂ၊ အာဖရိကသမဂ္ဂနှင့် ဥရောပသမဂ္ဂတို့၏ ကိုယ်စားလှယ်များကို သတင်းအကျဉ်းချုပ်နှင့် အချက်အလက်များ ပံ့ပိုးပေးခြင်းတို့တွင် ကူညီရာလည်း ရောက်ခဲ့သည်။[63] နိုင်ငံသားများအကြား တာဝန်ခံမှု အထူးသဖြင့် ICC နှင့် သက်ဆိုင်သော တာဝန်ခံမှုကို သိသိသာသာပံ့ပိုးနေသည့် ခိုင်မာပြီးရေရှည်တည်တံ့သော အရေးဆိုစည်းရုံးသိမ်းသွင်းမှုလည်းရှိခဲ့သည်၊ သို့သော် ဤအကြောင်းအရာနှင့် စပ်လျဉ်းပြီး အရပ်ဖက်အဖွဲ့အစည်းများ၏ လွှမ်းမိုးနိုင်မှုသည် များစွာသောအကြောင်းပြချက်ကြောင့် ကျဆင်းလာခဲ့သည်၊ အစိုးရ၏ ဝါဒဖြန့်မှုနှင့် နှောင့်ယှက်ခြင်း၊ ပြင်ပရှိ အဓိက

---

[59] Personal interview, NGO official, Nairobi, Kenya (No. 8), NFA, 26 February 2014.

[60] Personal interview, NGO official, Nairobi, Kenya (No. 8), NFA, 26 February 2014.

[61] Personal interview, NGO official, Nairobi, Kenya (No. 5), NFA, 25 February 2014.

[62] ထောက်ပံ့ ပံ့ပိုးသူကိုယ်စားလှယ်များက ထိုအားထုတ်မှုကို ချီးကျူးခဲ့ကြသည်၊ အကြောင်းမှာ 'ဤအစီရင်ခံစာများအကြောင်း မွေမွေလျော့လျော့ဖြစ်နေကြသည့် သဘောကြောင့် ပြင်ပသို့ တင်ပြနိုင်ရန်အရေးကြီးသည်'ဟု သတ်မှတ်ကြသည်။ Personal interview, European diplomat, Nairobi, Kenya (No. 4), NFA, 24 February 2014

[63] L. Muthoni Wanyeki, 'Kenyan Civil Society and the 2007/8 Political Crisis: Towards and Following the Kenya National Dialogue and Reconciliation,' in Civil Society and Governance in Kenya since 2002: Between Transition and Crisis, ed. Okoth Okombo (Nairobi: African Research and Resource Forum, 2010).

ပါဝင်သူများ၏ ပျက်ကွက်မှုရှိခြင်းနှင့် အရပ်ဖက်အဖွဲ့အစည်းကိုယ်တိုင်ကပင် မဟာဗျူဟာများ၌ အားနည်းချက်များ ရှိနေခြင်းတို့ကြောင့် ဖြစ်လေသည်။

ခုခံသည့် အစိုးရတစ်ရပ်အား ပစ်မှတ်ထားချိန်ရွယ်ခြင်း

တရားမျှတရေးအုပ်စုသည် အကြမ်းဖက်မှုအဆုံးသတ်ခြင်းကို မြှင့်တင်ခဲ့ပြီး တာဝန်ခံမှုအတွက် နည်းလမ်းမျိုးစုံ ပြောင်းကာ အရေးဆိုစည်းရုံးခဲ့ကြသည်။[64] သို့သော် အစိုးရ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးနှင့် တရားစီရင်ရေး မဏ္ဍိုင်များမှ တာဝန်ခံမှုနှင့်စပ်လျဉ်းပြီးလျှင် မတူကွဲပြားမှုများ သို့မဟုတ် ခုခံမှုများ ကြုံတွေ့လာရသည့်အခါတွင် အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အတွက် ရွေးချယ်လုပ်ဆောင်စရာနည်းလမ်းများ ကန့်သတ်ခံရသည်ကို သိရှိလာပြီးနောက် ပြောင်းလဲလာသည့်အခြေအနေအလိုက် မဟာဗျူဟာများကို ပြောင်းလဲခဲ့ကြသည်။ ထို့ကြောင့် တရားမျှတရေးအုပ်စုအနေဖြင့် TJRC ကို ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံလာသောအခါ အုပ်ချုပ်သူများက Kiplagat အား ဥက္ကဋ္ဌခန့်အပ်လျက် ကော်မရှင်နာများဟု အမည်တပ်လိုက်သည့်အတွက် ထိုထောက်ခံမှုလည်း ကျဆင်းသွားပြန်သည်။[65] ထိုနည်းတူစွာ(အရပ်ဖက်အဖွဲ့အစည်းများအား) ပံ့ပိုးပေးမည့် မည်သည့်ဥပဒေမူကြမ်းကိုမျှ ဥပဒေပြုရေး မဏ္ဍိုင်က ထုတ်ပြန်လိမ့်မည်မဟုတ်ဟု သေချာသွားသောအခါ အထူးခုံရုံးအား ထောက်ခံမှုသည်လည်း ကျဆင်းသွားခဲ့သည်။ ICC ဝင်ရောက်မှု အလားအလာ အမှန်တကယ် ပေါ်ပေါက်လာသောအခါမှသာလျှင် ဥပဒေပြုရေး မဏ္ဍိုင်က ဖိတ်ကြားခဲ့သည်။[66] အင်တာဗျူးဖြေဆိုသူအများစုအရ ICC သည် 'မြို့ရှိတစ်ခုတည်းသော ကစားပွဲ' ဖြစ်လာခဲ့ပြီး ဥပဒေပြုရေးမဏ္ဍိုင်က Rome ဖွဲ့စည်းပုံဥပဒေစာချုပ်ဝင်အဖြစ်မှ နုတ်ထွက်ရန် ဆုံးဖြတ်ချက်တစ်ခုကို ထုတ်ပြန်ရသည်အထိ ဖြစ်ခဲ့သည်။ ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲနောက်တွင် အစိုးရအနေဖြင့် ခေတ်သစ်နယ်ချဲ့ဝါဒအဖြစ် စကားတစ်ရပ်အား ICC ဆန့်ကျင်ရာတွင် အသုံးပြုခဲ့သည်။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲပြီးနောက် တရားရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်းနှင့် ယခင်လူ့အခွင့်အရေးရှေ့နေ Willy Mutunga က တရားသူကြီးချုပ်အဖြစ် ဆောင်ရွက်သော တရားလွှတ်တော်ချုပ်အသစ် ဖွဲ့စည်းခြင်းတို့ပေါ်ပေါက်ခဲ့သော်လည်း တရားရေးကဏ္ဍသည် ICD အဆိုပြုလွှာအပေါ် စိတ်ပါဝင်စားမှု အနည်းငယ်လောက်သာ ဖွင့်လှစ်ပြခဲ့သည်။ ထို့ကြောင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးမှု မရှိဖြစ်ခဲ့ရကာ တရားမျှတရေးအုပ်စုအဖွဲ့ဝင်အများစုက ဤအဆိုပြုလွှာကို မထောက်ခံကြောင်း အဓိပ္ပါယ်ရောက်စေခဲ့သည်။

အစိုးရ၏ တန်ပြန်လုပ်ဇာတ်

အရပ်ဖက်အဖွဲ့အစည်းများ၏ တာဝန်ခံမှုဆိုင်ရာ ကနဦးလုပ်ဆောင်မှုအရှိန်အဟုန်သည် အစိုးရ၏ တန်ပြန်လုပ်ဇာတ်ဖြင့် အဟန့်အတားဖြစ်ရသည်ဟု အင်တာဗျူးဖြေဆိုသူများက ပြောဆိုခဲ့ကြသည်။ အစိုးရက ICC နှင့် ကန်ညာလူ့အခွင့်အရေး NGOများကို နယ်ချဲ့လက်ပါးစေများအဖြစ် ပုံဖော်လိုက်သောကြောင့် (၎င်းတို့၏) တာဝန်ခံမှုကို အားပေးသော သတင်းစကားသည်လည်း အင်အားချိနဲ့သွားရသည်။ ဤအချက်ကို ပိုမိုဆိုးသွားစေသည့် လုပ်ဇာတ်တစ်ခုလည်း ပေါ်ပေါက်လာသည်။ ၎င်းမှာ ICC ၏ တရားစွဲဆိုခြင်းများသည် အခြားသူများထက် အချို့သော တိုင်းရင်းသားအစုများကို ပစ်မှတ်ထား ဦးတည်လိမ့်မည် ဆိုလာကြကာ လူမျိုးစုများကို သပ်လျှိုသွေးခွဲခြင်းဖြင့် နိုင်ငံရေးမဟာမိတ်များကို ပုံဖော်သည့် ထိရောက်သော နည်းဗျူဟာတစ်ခု နိုင်ငံတွင် ဖြစ်ပေါ်လာသည်။

---

[64] Karuti Kanyinga, 'Stopping a Conflagration: The Response of Kenyan Civil Society to the Post-2007 Election Violence,' Politikon: South African Journal of Political Studies 38(1) (2011): 85–109.

[65] Lydiah Kemunto Bosire and Gabrielle Lynch, 'Kenya's Search for Truth and Justice: The Role of Civil Society,' International Journal of Transitional Justice 8(2) (2014): 256–276. 66 Brown with Sriram, supra n 28.

[66] Brown with Sriram, supra n 28.

အင်တာဗျူးဖြေဆိုသူတစ်ဦး၏ အဆိုအရ 'ICC ကို ယိုင်နဲ့သွားစေသည့် လက်ရှိအစိုးရ၏ စွမ်းရည်ကို အမှတ်ပေးရ မည်ဖြစ်သည်'၊ ၎င်းတို့သည် မျက်မြင်သက်သေများကို သတ်ဖြတ်ရာတွင် ကူညီပံ့ပိုးခြင်း (ထိုအကြောင်းကို အောက်တွင် ဖော်ပြထားသည်)နှင့် လှည့်ဖြားပြောဆိုခြင်းတို့အပြင် တာဝန်ခံမှုဖြစ်စဉ်ဆောင်ရွက်သူများအား နယ်ချဲ့ဝါဒ အားပေးသူများအဖြစ်သို့ လုပ်ဇာတ်များဖန်တီးကာ ပြောင်းလဲလိုက်ကြသည်။[67] အရပ်ဖက်အဖွဲ့အစည်း များ၏ (တာဝန်ခံမှုဆိုင်ရာ) အားတက်သရော ဆန္ဒထုတ်ဖော်မှု၊ တရားမျှတမှုကော်မရှင်နှင့် အထူးခုံရုံးတို့အား ကနဦးတွင် ထောက်ခံခဲ့မှုတို့ကို ညွှန်ပြစပ်စွဲလျက် အရပ်ဖက်အဖွဲ့အစည်းများရှိ အဓိကလုပ်ဆောင်သူများသည် ကန်ညာကို ICC သို့ ပို့ဆောင်ခဲ့ကြပြီး ICC သည် တာဝန်ခံမှုကို ဖော်ဆောင်ရာတွင် ရရှိနိုင်သော လုပ်ဆောင်မှု နည်းလမ်းတစ်ခုအဖြစ်သာ အဆုံးသတ်သွားလိမ့်မည်ဟု အလေးပေးပြောဆိုမှုများပြုလုပ်ကာ အစိုးရသည် အရပ်ဖက်အဖွဲ့အစည်းများနှင့် ICC ကို နတ်ဆိုးများသဖွယ်ဖြစ်လာအောင် လုပ်ကြံဇာတ်ဖန်တီးမှုတွင် အောင်မြင်ခဲ့ လေသည်။[68]

တရားမျှတရေးအုပ်စုအနေဖြင့် အစိုးရက ဖန်တီးထားသော လုပ်ဇာတ်များကို ချေဖျက်ရာတွင် မည်သည့် အတွက်ကြောင့် အခက်အခဲများ ရှိခဲ့ပါသနည်း? ဖြေဆိုသူများက ထပ်တူကျသော ဖြေရှင်းချက်များစွာကို ဖြေဆို ပေးခဲ့သည်။ Kenyatta နှင့် Ruto တို့ အာဏာရရှိခဲ့သော ၂၀၁၃ ခုနှစ် ရွေးကောက်ပွဲ၏ နိဂုံးထလာမှုတွင် အတော် များများကို အံ့အားသင့်စေခဲ့ကာ 'မိမိအနာကို မိမိကုသရသည့်' အနေအထားဖြစ်ခဲ့ရသည်။ ထို့ပြင် စုစည်းမှု မဟာဗျူဟာ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် အကောင်အထည်ဖော်ဆောင်မှုတို့တွင် စည်းရုံးသိမ်းသွင်းခြင်းအတွက် အစိုးရ၏ အရင်းအမြစ်များနှင့် နှိုင်းယှဉ်ပါက လုံလောက်သော ဘဏ္ဍာငွေမရှိသည့်အတွက် နှောင့်နှေးလျော့ပါး လာရသည်။ အဓိကအရေးပါသူအများစုက ၎င်းတို့၏ ကန့်သတ်ချက်များကို အသိအမှတ်ပြုကြသည်။ ၎င်းတို့ အနေဖြင့် စည်းလုံးမှုနှင့် စုစည်းနိုင်မှု လုံလောက်စွာ မရှိသည့်အပြင် နိုင်ငံသားများနှင့် ကျယ်ကျယ်ပြန့်ပြန့် ထိတွေ့ဆက်ဆံနိုင်မှုလည်း ကျရှုံးခဲ့ရပြီး (ထိုအကြောင်းကို အောက်တွင် ဖော်ပြထားသည်) ၎င်းတို့ကို နိုင်ရိုဘီ အခြေပြု ရေပေါ်ဆီလူတန်းစားများအဖြစ် ရှုမြင်ကြသည်ဟု ကန့်သတ်ချက်များကို ဖော်ပြကြသည်။ ဤအချက်များ ကို ICC လုပ်ဇာတ်ဖြင့် တွဲစပ်လိုက်သောအခါ လူထု၏ တရားရုံးအပေါ် အကောင်းမြင်မှုနှင့် မျှော်လင့်တကြီး ထားရှိမှုတို့ ပျက်သုဉ်းကုန်လေသည် (ထိုအကြောင်းကို အောက်တွင် ဖော်ပြထားသည်)။ အစိုးရ၏ တိုင်းရင်းသား သစ္စာခံမှုကို အလေးပေးထားသည့် နိုင်ငံရေးနှင့် သမိုင်းကြောင်း လုပ်ကြံဇာတ်လမ်းနှင့် ရင်ဆိုင်ရသောအခါ အင်တာဗျူးဖြေဆိုသူများက ၎င်းတို့၏ ကိုယ်ပိုင်ဥပဒေသဘောတရားအရ ဆောင်ရွက်မှုသည် ရိုးစင်းစွာ ထိရောက် မှုအားနည်းသွားခဲ့သည်ဟု မှတ်ချက်ပြုကြသည်။ ကြီးမားသော မီဒီယာများကို အစိုးရ၏ ထိန်းချုပ်မှု များပြား လာခြင်း၊ အရပ်ဖက်အဖွဲ့အစည်းများကို (ဖိနှိပ်ရန်) အသုံးစရိတ်အလွန်အကျွံသုံးစွဲကာ မီဒီယာများကို တိုက်ရိုက် ပိုင်ဆိုင်မှုဖြစ်အောင် လုပ်ဆောင်ခြင်း သို့မဟုတ် ယခင်ရှိနေသည့် သတင်းစာဆရာများကို နှောင့်ယှက်ခြင်းတို့ကို လုပ်ဆောင်ခဲ့သည့်အပြင် လူမှုကွန်ယက် မီဒီယာအသုံးပြုကာ အစိုးရ၏ လုပ်ကြံဇာတ်လမ်းကို တွင်ကျယ်လာ အောင် ဖန်တီးလာခဲ့သည်။ ထို့ပြင် သတင်းစာများတွင် သတင်းထည့်ကြေငြာရာ၌ ကုန်ကျစရိတ်ကို ကန့်သတ် ထားသည်ဖြစ်ကြောင်း အရပ်ဖက်အဖွဲ့အစည်းများက သတိပြုမိခဲ့သည်၊ ထို့ကြောင့် အစိုးရကိုယ်စားလှယ်များက သတင်းစာနှင့် ရုပ်မြင်သံကြားတို့ကို လွယ်ကူစွာ လက်လှမ်းမီနိုင်သော်ငြား အခြားသူများအတွက်မူ ထိုလက်လှမ်းမီမှု မှာ တင်းကြပ်စွာ တားမြစ်ခံရလေသည်။ ထို့ကြောင့် မျက်မြင်သက်သေများသည် ICC အားဖြင့် စည်းစိမ်ရှိရှိနေရပြီး ၎င်းတို့ကို အရပ်ဖက်အဖွဲ့အစည်းများက ထိန်းကျောင်းနေသည်ဟု အစိုးရက ပုံဖော်နိုင်မှုရလာဒ်ဖြစ်ပေါ်ခဲ့လေ သည်။ ဤသရုပ်ဖော်မှုကြောင့် မျက်မြင်သက်သေများ နှောင့်ယှက်ခံရပြီး မျက်မြင်သက်သေအဖြစ်မှ နှုတ်ထွက်မှု

[67] Personal interview, donor official, Nairobi, Kenya (No. 11), NFA, 29 February 2014.

[68] Personal interviews, NGO officials, Nairobi, Kenya (Nos. 5 and 6), NFA, 25 February 2014.

များ ပေါ်ပေါက်လာခဲ့သည်။[69] အစိုးရသည်လူမှုကွန်ယက်မီဒီယာပေါ်တွင်လည်း အကျိုးအမြတ်ထွက်ရန် ဆောင်ရွက်ခဲ့သည်၊ ဥပမာ - ဘလော့ဂ်များနှင့် တွစ်တာများရှိ နိုင်ငံ၏အိမ်တော် တရားဝင်စာမျက်နှာတွင် အရပ်ဖက်အဖွဲ့အစည်းများကို 'မကောင်းဆိုးဝါး အဖွဲ့အစည်း' အဖြစ် စွပ်စွဲပုံဖော်ခဲ့သည်။[70]

တရားမျှတရေးအုပ်စုသည် ၎င်းတို့၏ ကိုယ်ပိုင်အောင်မြင်မှုဟု ထင်ရသော အရာကြောင့်လည်း အားနည်းလျော့ပါးခဲ့ရသည်။ ၂၀၁၀ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အား ခွင့်ပြုမှုနှင့်အတူ အရပ်ဖက်အဖွဲ့အစည်းများက အရေးဆိုစည်းရုံးခဲ့သည့် ရဲတပ်ဖွဲ့နှင့် တရားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ စသည်တို့ကဲသို့သော ပြုပြင်ပြောင်းလဲမှုများစွာကို မဖော်ဆောင်နိုင်သေးသော်ငြား ခွင့်ပြုခဲ့သည်။ ဤအချက်သည် ကျွမ်းကျင်သူအချို့၏ အဆိုအရ ဌာနဆိုင်ရာ ပြုပြင်ပြောင်းလဲမှုဟူသော အကြောင်းပြချက်ပေးရန် အစိုးရအား ခွင့်ပြုခဲ့ခြင်းဖြစ်သည်၊ PEV ကိစ္စရပ်များ ဖြစ်ပေါ်လာချိန်တွင် တာဝန်ခံမှုနှင့် ပြုပြင်ပြောင်းလဲရေး လိုအပ်နေသည်ဟူသော အရပ်ဖက် အဖွဲ့အစည်းတက်ကြွလှုပ်ရှားသူများ၏ စကားကို လျော့ပါးစေခဲ့သည်။[71] အထက်တွင် ဖော်ပြခဲ့သော တရားမမှုများတွင်ပင် အစိုးရ၏ 'ပမာမထားသော ကဒ်ဖြင့် ကစားသည့်'နယ် ခုခံချေပမှုများနှင့် ရင်ဆိုင်ခဲ့ရပြီး တရားရုံးသို့ လာရောက်ရန် ငြင်းပယ်ခြင်း သို့မဟုတ် 'ဖြစ်ရပ်မဟုတ်သော အမှုများအနေဖြင့် သတ်မှတ်ဆက်ဆံခြင်း' တို့ဖြင့် တရားသူကြီးများ၏ နိုင်ငံအပေါ် စီရင်ဆုံးဖြတ်ရန် စိတ်ဆန္ဒအား သက်ရောက်မှုရှိခဲ့သည်။[72]

တရားမျှတရေးအုပ်စုအတွက် စည်းရုံးသိမ်းသွင်းမှုဆိုင်ရာ အကြီးမားဆုံးသော စိန်ခေါ်ချက်မှာ အစိုးရ၏ အရပ်ဖက်အဖွဲ့အစည်းတိုက်ဖျက်ရေး လေလုံးများအား ချေဖျက်ရန် စွမ်းရည်ပြည့်ဝမှုမရှိခြင်းအပြင် ထိုလေလုံးများအား တိုင်းရင်းသားအရေးနှင့် ကိုလိုနီဆန့်ကျင်ရေး လုပ်ဇာတ်များဖြင့် တွဲစပ်လိုက်သည့် အချက်လည်း ပါဝင်သည်။ ဤသို့ နည်းလမ်းစုံဖြင့် ချဉ်းကပ်မှုတွင် US Agency for International Development 'USAID' သည် အရပ်ဖက်အဖွဲ့အစည်းများအား ပံ့ပိုးခြင်းဖြင့် အစိုးရကို ဖြုတ်ချရန် တစ်စိတ်တစ်ပိုင်း ပါဝင်နေပြီး ICC အတွက် အလားအလာရှိသော မျက်မြင်သက်သေ သို့မဟုတ် မျက်မြင်သက်သေများကို အကြံဉာဏ်ပေးခြင်း၊ ပံ့ပိုးခြင်း လုပ်ဆောင်နေသော အရပ်ဖက်အဖွဲ့အစည်းများက ပြယုဂ်အမှားများအတွက် သက်သေခံရန် ငွေများ ထောက်ပံ့နေသည်ဟု အစိုးရအနေဖြင့် ခိုင်ခိုင်မာမာ ငြင်းဆိုနိုင်နေပုံရလေသည်။ ထို့ပြင် နိုင်ငံတော်ကို ဝေဖန်မှု ဟူသမျှသည် တိုင်းရင်းသားအရေးကို လှုံ့ဆော်နေခြင်းဖြစ်ပြီး အထူးသဖြင့် Kikuyu နှင့် Kalenjin လူမျိုးစုကို ပစ်မှတ်ထားနေခြင်းဖြစ်သည်ဟု အစိုးရက အရေးဆိုခဲ့လေသည်။ နောက်ဆုံးတွင် ICC ထောက်ခံမှုသည် အစကနဦးတွင် ပေါ်ပေါက်ခဲ့သည်ထက် ဟက်ဟက်ပက်ပက်ရှိမှု လျော့ပါးလာသည်ကို မြင်လာရသည်။ အကြောင်းမှာ ၎င်းသည် တိုင်းရင်းသားအရေးဟူသော မျဉ်းကြောင်းတလျောက် စိတ်မြွောကွဲထွက်နိုင်ခဲ့သောကြောင့် ဖြစသည်။ လူထု၏ သိသာထင်ရှားသော ပမာဏအရေအတွက်သည် တရားရုံးကို ထောက်ခံခဲ့ကြသည်။ ထိုသို့ထောက်ခံခဲ့ခြင်းသည်လည်း ၎င်းတို့၏ ပြိုင်ဘက် လူမျိုးစုများအပေါ် စွပ်စွဲပြစ်တင်လို၍ သို့မဟုတ် စွပ်စွဲပြစ်တင်နိုင်ခွင့် အလားအလာရှိ၍သာ ထောက်ခံခဲ့ခြင်းဖြစ်သည်။ ဖြေဆိုသူတစ်ဦးက 'လူဦးရေ တစ်ဝက်လောက်က ကျွန်တော်တို့ကို သဘောတူကြပါတယ်၊ သို့ပေမယ့် မှားယွင်းသော အကြောင်းပြချက်နဲ့ သဘောတူကြခြင်း ဖြစ်ပါတယ်' ဟု ပြောဆိုခဲ့သည်။[73]

[69] Participant, workshop with NGO officials, Nairobi, Kenya, 21 February 2014; personal interviews, NGO officials, Nairobi, Kenya (Nos. 6 and 7), NFA, 25 February 2014.

[70] Personal interview, NGO official, Nairobi, Kenya (No. 6), NFA, 25 February 2014.

[71] Participant, workshop with NGO officials, Nairobi, Kenya, 21 February 2014.

[72] According to one interviewee, these government practices make 'judges nervous.' Personal interview, NGO official, Nairobi, Kenya (No. 8), NFA, 26 February 2014.

[73] Personal interview, NGO official, Nairobi, Kenya (No. 8), NFA, 26 February 2014.

ကန်ညာလူ့အခွင့်အရေး NGO များက ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်သည့် နည်းလမ်းတစ်ခုအနေဖြင့် ပြင်ပ အဓိကပါဝင်သူများကို ပစ်မှတ်ထားလာခဲ့သည်။ ၎င်းတို့ကို အကျပ်အတည်းကာလနှင့် ညှိနှိုင်းရေးဆိုင်ရာ သတင်းအနှစ်ချုပ်များ ပံ့ပိုးသည့်အပြင် ၂၀၁၃ ခုနှစ်တွင် ကျရောက်သော ASP အစည်းအဝေး၌ အစိုးရ၏ ICC ဆန့်ကျင်သော လေလုံးများကို ချေဖျက်ရန် မကြာသေးမီက ကြိုးပမ်းခဲ့ကြသည်။ အထက်တွင် ဆွေးနွေးခဲ့သည့်အတိုင်း ဤအစည်းအဝေးသည် သေးငယ်သည်ဟု ရှုမြင်နိုင်သော်လည်း အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် အစိုးရလေလုံးများကို ချေဖျက်ရန် အားထုတ်ခွင့် ရခဲ့ခြင်းဖြစ်သည်။ သတင်းအချက်အလက်များ ဖြေရှင်းရန်အတွက် သက်သေအထောက်အထားများကို တောင်အာဖရိကနှင့် တန်ဇန်နီးယားအပါအဝင် အာဖရိက အစိုးရအတော်များများထံ တက်ကြွလှုပ်ရှားသူများက ပံ့ပိုးပေးနိုင်ခဲ့ကြသည်။ တစ်ဖက်သတ်ဖြစ်နေသော အငြင်းအခုံအတွက် မျှခြေရောက်အောင် ဆောင်ရွက်နိုင်ခဲ့သည်ဟု တက်ကြွလှုပ်ရှားသူတစ်ဦးက အခိုင်အမာဆိုခဲ့လေသည်။[74] ကန်ညာ အစိုးရအနေဖြင့် ဆွေးနွေးငြင်းခုံပွဲတွင် တရားဝင် ကာကွယ်နိုင်မှုကို အောင်မြင်စွာ မြှင့်တင်နိုင်ခဲ့သော်လည်း Rome ဖွဲ့စည်းပုံဆိုင်ရာ ပြဋ္ဌာန်းချက်ကို မထိရဲမကိုင်ရဲနှင့် ကျန်ရစ်ခဲ့လေသည်။ တက်ကြွလှုပ်ရှားသူများက ဤအချက်ကို အောင်မြင်မှုတစ်ခုအဖြစ် ရှုမြင်ကြသည်။ ၎င်းတို့အနေဖြင့် ICC ရှိတရားသူကြီးများ၏ ဆုံးဖြတ်ချက်များကို ထိရောက်စွာ တွန်းအားပေးနိုင်ခဲ့သောကြောင့် တရားလုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းများနှင့် သက်သေများအား ပြောင်းလဲခြင်းသည်ပင် မထင်မရှားဖြစ်ခဲ့ရသည်ဟု အရပ်ဖက်အဖွဲ့အစည်းများက အခိုင်အမာဆိုကြသည်။ ASP သည် 'ကန်ညာနိုင်ငံနှင့် အရပ်ဖက်အဖွဲ့အစည်းတို့အကြား ဗိုလ်လုပွဲသဖွယ်ဖြစ်ခဲ့ပြီး ထိုနေရာရှိ လူများက ပွဲကြည့် ပရိတ်သတ်ဖြစ်ခဲ့သည်'ဟု အချို့က ဆိုကြသည်။ အခြားသော နိုင်ငံများမှ အရပ်ဖက်အဖွဲ့အစည်းများက ကန်ညာ တက်ကြွလှုပ်ရှားသူများ၏ အောင်မြင်မှုကို ချီးမွမ်းထောပနာပြုခဲ့ကြသည်။ ကန်ညာနိုင်ငံ့ကိုယ်စားလှယ်အဖွဲ့သည် (အရပ်ဖက်အဖွဲ့အစည်း၏) စိန်ခေါ်ချက်များနှင့် ခယဝပ်တွားမှု ကင်းမဲ့ခြင်းတို့ကြောင့် အံ့အားသင့်ခဲ့ကြသည်။ ထိုသို့ အစွမ်းထက်ထိရောက်မှု၏ ဖြစ်နိုင်သည့် အကြောင်းပြချက်တစ်ခုမှာ တည်နေရာ အနေအထားဖြစ်နိုင်သည်၊ ပြည်တွင်းနှင့် မတူသည်မှာ ပြည်တွင်းတွင် အစိုးရက မီဒီယာများကို ထိန်းချုပ်မှု တိုးမြှင့် ကျင့်သုံးနေပြီး (ASP ၌) အစိုးရအနေဖြင့် အရပ်ဖက်အဖွဲ့အစည်းများက ပြောဆိုသည်ကိုလည်းကောင်း၊ စာချုပ်အဖွဲ့ဝင်နိုင်ငံများက ကြားနာသည်ကိုလည်းကောင်း ထိန်းချုပ်နိုင်ခြင်း မရှိတော့ဘဲ 'ဘက်ညီ ခြေညီ' ပိုဖြစ်ခဲ့လေသည်။[75]

သို့သော် တာဝန်ခံမှုဆိုင်ရာ စည်းရုံးသိမ်းသွင်းသည့် ကန်ညာအရပ်ဖက်အဖွဲ့အစည်းများသည် အစိုးရ၏ စစ်ပွဲတစ်ခုထက်ပိုသည့် စကားလုံးများဖြင့် ရင်ဆိုင်ခဲ့ရသည်။ အစိုးရ၏ အချင်းချင်းသွေးကွဲစေရန် နှောင့်ယှက်မှု၊ သက်သေများအား နှောင့်ယှက်ဟန့်တားမှုများနှင့်လည်း ရင်ဆိုင်ခဲ့ရပြီး ICC နှင့်/သို့မဟုတ် တာဝန်ခံမှုဆိုင်ရာ အတွက် အလုပ်လုပ်နေကြသော အုပ်စုများအကြား 'အဆိပ်အတောက်ဝန်းကျင်'ကို ဖြစ်ပေါ်စေခဲ့သည်။[76] ကန်ညာ လူ့အခွင့်အရေးကော်မရှင် (KNCHR) က ကူညီပံ့ပိုးပေးနေသည့် သက်သေဖြစ်နိုင်သူများ၏ အချက်အလက်များ သိမ်းဆည်းထားသော အချက်အလက်သိုမှီးရာဒေတာဘေ့စ်သည်လည်း ဝန်ထမ်းဟောင်းတစ်ဦးက အစိုးရကို လွှဲပြောင်း ပေးလိုက်သည့်အတွက် ချို့ယွင်းအားနည်းချက် ဖြစ်ပေါ်ခဲ့သည်။ အကျိုးဆက်အနေဖြင့် သက်သေများ နှောင့်ယှက်ခြိမ်းခြောက်ခံရပြီး သက်သေအရေအတွက် လျော့ပါးခဲ့ရသည်။[77] KNCHR သည်လည်း အစိုးရ၏ ကော်မရှင်နာအသစ်များ ခန့်အပ်မှုတွင် အချိန်ဆွဲမှုများကြောင့် လုပ်ငန်းလည်ပတ်မှု ကျဆင်းခဲ့သည်။ တစ်ချိန်တည်းမှာပင် အစိုးရက အရပ်ဖက်အဖွဲ့အစည်းများအား တိုက်ရိုက်သက်ရောက်မှုရှိနိုင်သော ဥပဒေများကို တိုးမြှင့် ရေးဆွဲခဲ့

[74] Personal interview, NGO official, Nairobi, Kenya (No. 8), NFA, 26 February 2014.

[75] Participant, workshop with NGO officials, Nairobi, Kenya, 21 February 2014.

[76] Personal interview, NGO official, Nairobi, Kenya (No. 1), NFA, 18 February 2014.

[77] Personal interview, government official, Nairobi, Kenya (No. 2), NFA, 20 February 2014.

သည်။ နိုင်ငံခြားပံ့ပိုးမှု ငွေကြေးဘတ်ဂျက် ရာခိုင်နှုန်းအား ၁၅ အထိကန့်သတ်လိုက်ခြင်းနှင့် နိုင်ငံခြားဝန်ထမ်းများအတွက် ဗီဇာကန့်သတ်ချက်များအား တင်းကြပ်သည့် ဥပဒေမူကြမ်းအကြောင်း စားပွဲဝိုင်းဆွေးနွေးခြင်းတို့ ပြုလုပ်လာခဲ့သည်။ NGO ကိုယ်စားလှယ်များက ၎င်းတို့၏ ရုံးများသို့ တရားမဝင် ဝင်ရောက်ခြင်းများနှင့် အီလက်ထရောနစ်ပိုင်းဆိုင်ရာ ကြားဖြတ်နားထောင်ခြင်းများ ပြုလုပ်ကြသည်ဟု စောဒက တက်ကြသည်။[78] အထူးသဖြင့် KPTJ အဖွဲ့ဝင်များအပေါ် ဤသို့ 'ချောက်တွန်းအချောင်ခံရခြင်း' ၏ ရလာဒ်အနေဖြင့် အရပ်ဖက်အဖွဲ့အစည်းများအကြား 'ထိတ်လန့်မှု' ဖြစ်စေပြီး အချို့က ICC နှင့် ဆက်နွယ်သော လှုပ်ရှားဆောင်ရွက်မှုများကို ရုတ်သိမ်းသွားကြသည်။ အစိုးရသည် အရပ်ဖက်အဖွဲ့အစည်းများအား ၎င်းတို့၏ ICC အပေါ် ပံ့ပိုးမှုကြောင့်သာမက ရွေးကောက်ပွဲဆိုင်ရာ တရားဝင်အသနားခံပန်ကြားလွှာကဲ့သို့သော လှုပ်ရှားဆောင်ရွက်မှုများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သည့်အတွက်ကြောင့်လည်း ခြိမ်းခြောက်ခဲ့ခြင်းဖြစ်သည်။[79] ထို့ပြင် မျက်မြင်သက်သေများကို ပစ်မှတ်ထား တိုက်ခိုက်မှုများလည်း ဖြစ်ပေါ်လာခဲ့သည်။ မျက်မြင်သက်သေများအား နှောင့်ယှက်ခြိမ်းခြောက်မှုများ ဖြစ်ပေါ်ခဲ့ပြီး အစိုးရအနေဖြင့် ထိုကဲ့သို့နှောင့်ယှက်မှုများနှင့် အချို့အမှုများတွင် သတ်ဖြတ်ခြင်းများ ဖြစ်ပေါ်လာခြင်းကို ကာကွယ်ပေးရန် ပျက်ကွက်ခဲ့ရုံသာမက ၎င်းတို့ကို အားပေးမှုများပင်ရှိနေခဲ့သည်ဟု Human Rights Watch က ဖော်ထုတ်ခဲ့သည်။[80] ICC ကို တက်တက်ကြွကြွ ပံ့ပိုးခဲ့ကြသော အဖွဲ့အစည်းအတော်များများသည် တရားရုံးနှင့် တိုက်ရိုက်လက်တွဲလုပ်ဆောင်မှုကို ရပ်ဆိုင်းခဲ့ကြသည်။ ဖြေဆိုသူတစ်ဦး၏ စကားအရဆိုရပါမူ ICC ကိစ္စရပ်တွင် အရပ်ဖက်အဖွဲ့အစည်းများ သည် 'ရှေ့တန်း'၌ ဆက်လက် ရှိမနေကြတော့ပေ။[81]

"အမည်းစက်စွန်းထင်းနေသော မဟာမိတ်များ"

အရပ်ဖက်အဖွဲ့အစည်းများ၏ တာဝန်ခံမှုမြှင့်တင်ရန် ကြိုးပမ်းအားထုတ်မှုသည် 'အမည်းစက်စွန်းထင်းနေသော မဟာမိတ်များ'ဟု ပုံဖော်နိုင်သည့် အရာဖြင့်လည်း ထပ်မံအားနည်း လျော့ပါးခဲ့ရသည်။ ICC ကိုယ်၌ကပင် အချို့သော မြင့်မားသည့်အနေအထားပုံရပ်များ(high profile) တွင် ချို့ယွင်းချက်များ ရှိနေခဲ့သည်။ တာဝန်ခံမှုကို ကူညီပံ့ပိုးနေသည့် နှစ်ဖက် (ICC နှင့် ကန်ညာ) ထောက်ပံ့အလှူရှင်များကို အစိုးရက ဦးတည်ပစ်မှတ်ထားလာပြီး အရပ်ဖက်အဖွဲ့အစည်းများနှင့် အကွာအဝေးတစ်ခုရောက်အောင် ဆက်လက်ထိန်းသိမ်းထားခဲ့သည်။ မှတ်သားရသည်မှာ 'တရားမျှတရေးအလွှာအဆင့်'နှင့် ခြားနားစွာပင် အချို့သော ဖြစ်ရပ်များတွင် ဤသို့သောအရွေ့မျိုးဌ အပြည်ပြည်ဆိုင်ရာစံနှုန်း မြှင့်တင်ခြင်းသည် ပြည်တွင်းရှိအဓိကလှုပ်ရှားဆောင်ရွက်သူများကို အန္တရာယ်ရှိကောင်းရှိစေနိုင်မည်ဖြစ်သည်။ အမှန်စင်စစ်တွင် အပြည်ပြည်ဆိုင်ရာ စံနှုန်းမြှင့်တင်ခြင်းနှင့် အပြည်ပြည်ဆိုင်ရာ အင်စတီကျူးရှင်းများ၏ ကြားဝင်ခြင်းအား တာဝန်ခံမှုကို ဆန့်ကျင်သူများ အထူးသဖြင့် အစိုးရများက ကြိုးကိုင်ခြယ်လှယ်ခြင်း သို့မဟုတ် တမင်ရည်ရွယ်ပုံသွင်းခြင်းတို့ ပြုလုပ်စေနိုင်လေသည်။

---

[78] CIVICUS and National Coalition of Human Rights Defenders-Kenya, Attacks on Civil Society Undermining Democracy and Development in Kenya (March 2015); participant, workshop with NGO officials, Nairobi, Kenya, 21 February 2014; participant, workshop with experts, London, UK, 6 May 2014.

[79] Personal interview, NGO official, Nairobi, Kenya (No. 5), NFA, 25 February 2014.

[80] 'Kenya: Rights Defenders under Attack,' Human Rights Watch, 4 October 2013, http://www.hrw.org/news/2013/10/04/kenya-rights-defenders-under-attack (accessed 20 May 2015).

[81] Personal interview, government official, Nairobi, Kenya (No. 2), NFA, 20 February 2014. Other organizations, however, were reportedly 'used to this type of intimidation' and felt that there was 'still space for manoeuvring,' implying that it was possible to critique the government's policies while engaging with it on justice-related matters. Additionally, some interviewees indicated a positive effect of working under

အထက်တွင် ဆွေးနွေးခဲ့သည့်နည်းတူ OtP သည် ကန်ညာတွင် ICC ၏ ထင်သာမြင်သာ အရှိဆုံးသော အဖွဲ့ဖြစ်သည်။ လူ့အခွင့်အရေး NGO များက OtP ၏ မျှော်မှန်းချက်များကို ပံ့ပိုးရန် ကြိုးပမ်းအားထုတ်ခဲ့သော်ငြား OtP ရုံးသည် ကန်ညာအစိုးရနှင့် ပူးပေါင်းဆောင်ရွက်မှု မျှော်မှန်းချက်တွင် အတွေ့အကြုံမရှိဘဲ ယုတ္တိမတန်သော မျှော်မှန်းချက်များ ချမှတ်ခဲ့သည်ဟု အတော်များများက သတ်မှတ်ကြလေသည်။ ကန်ညာနိုင်ငံရေးလက်တွေ့ အခြေအနေနှင့် တိုင်းရင်းသားနှစ်ခြမ်းကွဲခြင်းကို OtP ၏ နားလည်းမှုလွဲမှားခြင်းက ထပ်မံ၍ ဒုက္ခဖြစ်စေခဲ့သည်။ ကနဦးတွင် ပုဂ္ဂိုလ် ၆ ဦးအား အမည်တပ်ကာ 'နှစ်ဖက်'အကြား မျှခြေဖြစ်ရန် စာရင်းဟုကြေညာလျက် စုံစမ်းစစ်ဆေးခဲ့သည်။ ဤဖြစ်ရပ်ကြောင့်ပင် Luo တို့အား မတော်မတရား ကာကွယ်ပေးနေသည်ဟုသော စွပ်စွဲချက်ဖြင့် စုံစမ်းစစ်ဆေးမှု ဖွင့်ခဲ့ရသည်။ မျက်မြင်သက်သေများ ကာကွယ်ပေးနိုင်မှု ပြဋ္ဌာန်းချက်မတိုင်မီ သံသယတရားခံ ၆ ဦးအား အမည်တပ်လိုက်သည့်အချိန်တွင် NGO များလည်း ဒုက္ခများခဲ့ရသည်။[82]

တရားရုံး၏ အခြားသော အဖွဲ့အစည်းများကြောင့်လည်း အားနည်းလျော့ပါးခဲ့ရသည်ဟု ကန်ညာ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများက ခိုင်မာစွာ ဆိုကြသည်။ အရပ်ဖက်အဖွဲ့အစည်းများသာမက KNCHR သည် ဖြစ်နိုင်ချေရှိသော မျက်မြင်သက်သေများနှင့် နစ်နာသူများထံမှ သတင်းအချက်အလက်များစုဆောင်းပြီး အရပ်ဖက်အဖွဲ့အစည်းများစွာက ICC ၌ နစ်နာသူအဖြစ်စာရင်းသွင်းခြင်းကို ပံ့ပိုးကူညီကြသည်။[83] ကမ်းလင့်ထောက်ကူလုပ်ငန်းများကို ယူဂန်ဒါနိုင်ငံ၊ ကမ်ပလာမြို့ရှိရုံးတွင် ကန်ညာနှင့် ယူဂန်ဒါအခြေအနေ နှစ်ခုလုံးကို စီစဉ်ဆောင်ရွက်ရန် ကနဦးတွင် ရုံးဖွင့်လုပ်ဆောင်ခဲ့သည်။ ယခုမူ ထိုရုံးကို ကန်ညာနိုင်ငံတွင် ထားရှိလိုက်သည့် အတွက် စွမ်းဆောင်မှုအပိုင်းတွင် ကန့်သတ်ချက်များ ဖြစ်ပေါ်ခဲ့သည်။ တရားဝင် ညှိနှိုင်းရေးမှူးဖြစ်သူ ကန်ညာ လူ့အခွင့်အရေး NGO များက ၎င်းတို့အတွက် ကမ်းလင့်ထောက်ကူလုပ်ငန်းများတွင် ဝန်ပိစေသည်ဟု သတ်မှတ် ပြောဆိုကြသည်။[84] ဤအဖွဲ့အစည်းများသည်လည်း တရားရုံး၏ မျက်မြင်သက်သေများနှင့် နစ်နာသူများကို ချဉ်းကပ်သည့်နည်းလမ်းကို စိတ်ပျက်ကြပြီး နစ်နာသူများအား စာရင်းပြုစုခြင်းနှင့် ဖြစ်နိုင်ချေရှိသော မျက်မြင်သက်သေများအား ဖော်ထုတ်ခြင်းများကို ဦးဆောင်ကြရသည်။ ၎င်းတို့သည် တရားရုံး၏ မျက်မြင်သက်သေများအား ကာကွယ်ရန် ပျက်ကွက်မှုကို အထူးသဖြင့် ဝေဖန်ကြသည်။ ထိုပျက်ကွက်မှုကြောင့် မျက်မြင်သက်သေများနှောင့်ယှက်ခံရခြင်း၊ မျက်မြင်သက်သေ ဆုံးရှုံးခြင်းနှင့် ဖြစ်နိုင်ချေရှိသော မျက်မြင်သက်သေအများအပြား သေဆုံးခြင်းများ ဖြစ်ပေါ်ခဲ့ပြီး ပြဿနာကိစ္စရပ်များကို ထပ်မံအားလျော့စေခဲ့သည်။ ဖြေဆိုသူများက တရားရုံး၏ ကာကွယ်ပေးရန် ပျက်ကွက်မှုများကို စောဒကတက်ကြပြီး အရပ်ဖက်အဖွဲ့အစည်း လှုပ်ရှားဆောင်ရွက်သူများက ဤအခန်းကဏ္ဍကို လွှဲပြောင်းယူခဲ့သည်ဟု ရှင်းပြကြသည်။

လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများသည် ဖြစ်ရပ်များ နောက်ကွယ်၌ တရားရုံး၏ လုပ်ငန်းလည်ပတ်ပုံကိုသာမက အမှုများ ရှေ့ရောက်အောင်ဆောင်ရွက်ပုံကိုလည်း စိတ်ပျက်ကြသည်။ အတော်များများက ၎င်းတို့ မြင်တွေ့နေရသည့် နှေးကွေးသည့် တရားစီရင်မှုများ၊ ကြားနာမှုများတွင် နှောင့်နှေးကြန့်ကြာမှုများကို ဆန့်ကျင်ခဲ့ကြပြီး ခိုင်မာသော အမှုများတွင် တရားစွဲဆိုနိုင်မှု အရည်အချင်းကိုပါ အလွန်အကျွံ စိုးရိမ်ခဲ့ကြသည်။ ဤစိုးရိမ်မှုကို ပိုမိုဆိုးရွားစေခဲ့သည်မှာ စုံစမ်းစစ်ဆေးခံရသူအများစုအပေါ် တရားစွဲဆိုမှု သေချာအောင်ဆောင်ရွက်ရန် OtP ၏ ပျက်ကွက်မှု၊ Kenyatta အပေါ် မကြာသေးမီကပင် စွဲချက်ရုတ်သိမ်းလိုက်မှု၊ မျက်မြင်သက်သေများ ဆုံးရှုံးမှုနှင့်

---

[82] Participant, workshop with NGO officials, Nairobi, Kenya, 21 February 2014; personal interviews, NGO and government officials, Nairobi, Kenya (Nos. 2 and 5), NFA, 20 and 25 February 2014.

[83] Personal interview, government official, Nairobi, Kenya (No. 2), NFA, 20 February 2014.

[84] Participant, workshop with NGO officials, Nairobi, Kenya, 21 February 2014; personal interview, NGO official, Nairobi, Kenya (No. 1), NFA, 18 February 2014. There is consensus, however, that with the arrival of Maria Kamara in the outreach office the situation improved.

ရုပ်မြင်မှတ်တမ်း အကန့်အသတ်ဖြင့်သာ ရှိနေခြင်းတို့ဖြစ်လေသည်။ ရှုမြင်သုံးသပ်သူတစ်ဦးက 'ICC အမှုတွေသာ ရှုံးခဲ့ရင် ပြစ်ဒဏ်မှ ကင်းလွတ်နေခြင်းဟာ ပိုသေချာလာလိမ့်မယ်' ဟု ပြောဆိုခဲ့သည်။[85] နောက်ဆုံးတွင် တရားရုံး၏ ချဉ်းကပ်မှုများသည် သွားမပါသည့်အလားဖြစ်နေပြီး အစိုးရ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ် အလွန်အကျွံ မှီခိုနေသည်ဟု တက်ကြွလှုပ်ရှားသူများက ပြောဆိုကြသည်၊ အထူးသဖြင့် ဝရမ်းထုတ်ဖမ်းဆီးခြင်းထက် တရားရုံးသို့ လာရောက်ရန် ဆင့်ခေါ်မှုများကိုသာ ထုတ်ပြန်နေကြသည်ဟု ဆိုလေသည်။ သို့သော် ICC သည် နိုင်ငံအတွင်း တာဝန်ခံမှုဆိုင်ရာအတွက် လုပ်ငန်းလည်ပတ်နေသော တစ်ခုတည်းသော ယန္တရားအဖြစ် သတ်မှတ်ပေးထားချက်ကြောင့် ၎င်းတို့အနေဖြင့် ICC ကို လူသိရှင်ကြားဝေဖန်ရန်လည်း ကန့်သတ်မှုများရှိနေသည်ဟု ခံစားကြရလေသည်။

တစ်ချိန်တည်းမှာပင် နိုင်ငံအတွင်းရှိ တာဝန်ခံမှုကို ပံ့ပိုးထောက်ပံ့သော အလှူရှင်နိုင်ငံများက ၎င်းတို့ကိုယ်တိုင်အနေဖြင့် အရပ်ဖက်အဖွဲ့အစည်း လှုပ်ရှားဆောင်ရွက်သူများနှင့် တာဝန်ခံမှုဆိုင်ရာ အစီအစဉ်များမှ အကွာအဝေးတစ်ခု လိုအပ်သည်ဟု သတိပြုမိကြသည်။ နှစ်ဦးနှစ်ဖက်လုံးက သတိပြုမိခြင်းဖြစ်သည်။ ပံ့ပိုးထောက်ပံ့သူများက ကန်ညာ၏ အချုပ်အခြာအာဏာကို ခြိမ်းခြောက်နေကြသည်၊ အရပ်ဖက်အဖွဲ့အစည်းများက ICC ကျေးကျွန်များဖြစ်ကြသည်၊ ပံ့ပိုးသူအလှူရှင်များနှင့် နယ်ချဲ့ဝါဒ အစရှိသည်ဖြင့် အစိုးရ၏ စွပ်စွဲမှုများကြောင့် အရပ်ဖက်အဖွဲ့အစည်းများသည်လည်း နိုင်ငံခြားပံ့ပိုးသူများသတ်မှတ်ခြင်းအရေးကို သတိထားဆောင်ရွက်လာခဲ့သည်။ ဤသို့သတိထားဆောင်ရွက်ကြသည်ကို နားလည်လက်ခံနိုင်သော်လည်း ပံ့ပိုးသူအလှူရှင်များသည် လိုအပ်သောအကွာအဝေးထက်ပို၍ အဝေးသို့ရောက်နေကြသည်ဟု အချို့သော တက်ကြွလှုပ်ရှားသူများက သတ်မှတ်ကြသည်။ ပံ့ပိုးထောက်ပံ့သူများသည် တရားမျှတရေးထက် ငြိမ်းချမ်းရေးကိုသာ ပိုမို ဦးစားပေးလာကြပြီး တာဝန်ခံမှုကို ဘေးထွက်သွားစေလျက် အရပ်ဖက်အဖွဲ့အစည်းများ၏ လုပ်ဆောင်ချက်များအား စိန်ခေါ်မှုများ ပိုမိုကြုံတွေ့လာစေသည်။ အင်တာဗျူးဖြေဆိုသူအချို့က အမှုကြားနာစစ်ဆေးခြင်းအားလုံးတွင် အချို့သော (စွပ်စွဲခံရသော) အစိုးရဝန်ထမ်းများ တရားရုံးသို့မလာရောက်ခြင်းကို ခွင့်ပြုသည့် ICC ၏ လုပ်ထုံးလုပ်နည်းနှင့် သက်သေစည်းမျဉ်းများ ပြင်ဆင်ခြင်းကို ခွင့်ပြုသည့်အပေါ် အလေးပေးပြောဆိုကြပြီး တာဝန်ခံမှုဆိုင်ရာလုပ်ဆောင်မှုတွင် ယခင်မိတ်ဖက်ဟောင်းများ ပျော့ပြောင်းသွားကြသည့် သက်သေဖြစ်သည်ဟု မှတ်ချက်ပြုကြသည်။[86]

လူထုနှင့် မသက်ဆိုင်ခြင်း

တရားမျှတရေးအုပ်စု၏ အချို့သော အဖွဲ့ဝင်များသည် ၎င်းတို့၏ ကန့်သတ်ချက်များအပေါ် အလေးအနက်ထားစဉ်းစားကြသည်။ ကနဦး၌ တာဝန်ခံမှု ဆောင်ရွက်ရာတွင် ထိုကန့်သတ်ချက်များသည် ယေဘုယျအားဖြင့် ကန်ညာပြည်သူများ၏ ခွင့်ပြုမှုနှင့် အထူးသဖြင့် ICC ကိစ္စရပ်ကို ဆောင်ရွက်နိုင်မှု စွမ်းရည်အပေါ် သက်ရောက်မှု ရှိခဲ့သည်။ ဤသုံးသပ်ချက်အတွက် အချက်များစွာ ရှိပါသည်။ ရာဇဝတ်မှုဆိုင်ရာ တာဝန်ခံမှုအပေါ် အလွန်အကျွံ အလေးပေးလျက် 'လူထုနှင့် မသက်ဆိုင်'ဟု တာဝန်ခံမှုဆိုင်ရာ ဆောင်ရွက်နေသည့် အရပ်ဖက်အဖွဲ့အစည်းများက အရေးဆိုခဲ့ကြသည်။ အချို့သော အင်တာဗျူးဖြေဆိုသူများက ၎င်းတို့အနေဖြင့် နစ်နာသူများ သို့မဟုတ် ပိုမိုများပြားသောလူထုက အလိုရှိသည့်အရာကိုနားလည်ရန် ပျက်ကွက်ခဲ့သည်ဟု ဆိုကြသည်။အထူးသဖြင့်နစ်နာသူ၏ဆန္ဒများဖြစ်သည့် ကျန်းမာရေး ကူညီစောင့်ရှောက်ခြင်း သို့မဟုတ် လျော်ကြေးပေးခြင်းကဲ့သို့သော တိုက်ရိုက်အထောက်အပံ့များကို ၎င်းတို့အနေဖြင့် လျစ်လျူရှုမိခဲ့သည်။ တရားမကြောင်းအရ တရားစွဲဆိုခြင်းကဲ့သို့သော အခြားသော တာဝန်ခံမှုဆိုင်ရာ နည်းလမ်းများကို ဖြစ်စဉ်တလျောက် မသိကျိုးကျွန်ပြုခဲ့ကြသည်။ သို့သော် ဤအချက်သည် ဖြစ်ရပ်တစ်ခုလုံးကို မဆိုလိုပါ။ NGO Peacenet က ရာဇဝတ်ကြောင်းမဟုတ်သော အသွင်ကူးပြောင်းရေးကာလ

[85] Personal interview, NGO official, Nairobi, Kenya (No. 9), NFA, 27 February 2014.

[86] Participant, workshop with NGO officials, Nairobi, Kenya, 21 February 2014.

တရားမျှတရေးနည်းလမ်းများကို အစဉ်မပြတ် စည်းရုံးသိမ်းသွင်းခဲ့ပြီး FIDA ကဲ့သို့သော အရပ်ဖက်အဖွဲ့အစည်းများ ကလည်း နယ်ပယ်သုံးရပ်၌ တရားမကြောင်းအရ စွဲဆိုမှု ကမ်ပိန်းများကို ပံ့ပိုးနေပြီဖြစ်သည်။ ထိုနယ်ပယ်သုံးရပ်မှာ ရဲတပ်ဖွဲ့က ပစ်ခတ်မှုအတွက် တာဝန်ခံမှု၊ လိင်နှင့် ကျား၊ မ အခြေပြု အကြမ်းဖက်မှုများအတွက် တာဝန်ခံမှုနှင့် ထိုသို့ဆောင်ရွက်ရန် ပျက်ကွက်မှုအတွက် နိုင်ငံ၏ တာဝန်တို့ဖြစ်ကြသည်။[87] ပြန်ပြောင်းတွေးကြည့်ပါက အချို့သော စည်းရုံးလှုံ့ဆော်သူများသည် တာဝန်ခံမှုကို 'ခက်မစုံစွာ'ဖြင့် ချဉ်းကပ်ခဲ့ကြသည်။

အင်တာဗျူးဖြေဆိုသူများသည် အနည်းဆုံး အရင်းအမြစ် သုံးခုခွဲရှိသည့် ၎င်းတို့ကိုယ်ပိုင်တွေးထင်ထားသော ချို့ယွင်းချက်များကို ဖော်ပြခဲ့ကြသည်။ ပထမအချက်မှာ တာဝန်ခံမှုကို အလေးပေးသည့် အဖွဲ့အစည်းများ၏ ဝန်ထမ်းအတော်များများသည် ရှေ့နေများဖြစ်ကြသည့်အလျောက် PEV ကိုတုန့်ပြန်ရာတွင် ဥပဒေဆိုင်ရာ တာဝန်ခံမှု အထူးသဖြင့် ရာဇဝတ်မှုဆိုင်ရာ တာဝန်ခံမှုအား အလေးပေးလုပ်ဆောင်ကြသည်မှာ အံ့သြဖွယ်မဟုတ်ပေ။ ဒုတိယအချက်မှာ ထိုအဖွဲ့အစည်းအစုအဝေးသည် နိုင်ရိုဘီမြို့တွင် အခြေစိုက်ကြပြီး လူထုအများစုနှင့် လုံလောက်စွာ ထိတွေ့မှုမရှိခဲ့ပေ၊ သို့မဟုတ် အနည်းဆုံးအနေဖြင့် ထိုသို့ယူဆနိုင်သည်။[88] နောက်ဆုံးအချက်မှာ ၂၀၀၂ ခုနှစ် နှောင်းပိုင်းတွင် ခေါင်းဆောင်အများစုက အစိုးရအဖွဲ့သို့ ဝင်ရောက်သွားသောအခါ အရပ်ဖက်အဖွဲ့အစည်းများ၏ အရွေ့သည် နှေးကွေးသွားသည်၊ လူငယ်တက်ကြွလှုပ်ရှားသူများကို လက်တွေ့သင်ကြားပေးရန် ပျက်ကွက်မှုများ ရှိလာခဲ့ပြီး ဩဇာတိက္ကမနှင့် ပြည့်စုံသည့် ခေါင်းဆောင်အနည်းငယ် အပေါ်တွင်သာ အလွန်အကျွံ မှီခိုမှု ဖြစ်ပေါ်လာခဲ့သည်ဟု ဖြေဆိုသူအချို့က ပြောဆိုကြသည်။ ဤသို့သော နောက်ခံအခြေအနေတွင် သုံးသပ်သူများက ဆိုကြသည်မှာ တိုင်းရင်းသား သစ္စာခံခြင်းများ၊ သူကောင်းပြုခြင်းများ၏ အကျိုးဆက်ကို ခုခံချေဖျက်နေရသည့်အပြင် သီးခြားစွပ်စွဲခံရသူကို အမည်ဖော်ထုတ်လိုက်သည့်အခါ တာဝန်ခံမှုဆိုင်ရာ ကျယ်ကျယ်ပြန့်ပြန့် ထောက်ခံမှုအား ထိန်းနေရသည့် အရပ်ဖက်အဖွဲ့အစည်းများအတွက် ခက်ခဲသောအချိန်ဟု ဆိုကြလေသည်။

နိဂုံးချုပ်သုံးသပ်ချက်များ

PEV အတွက် တာဝန်ခံမှုဆိုင်ရာ ကန်ညာအတွေ့အကြုံသည် စံနှုန်းမြှင့်တင်ခြင်းနှင့် ချမှတ်ခြင်းတို့တွင် ရှုပ်ထွေးသော အဆိုများစွာ ရှိနေခဲ့သည်။ အဓိက ပြုပြင်ပြောင်းလဲသူဖြစ်သည့် အရပ်ဖက်အဖွဲ့အစည်းများက ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်ချက်များသာမက ခုခံမှုအဆင့်တွင် ၎င်းတို့ကြိုးပမ်းအားထုတ်ခဲ့ရသည့် အလိုက်သင့်ပြောင်းလဲရသည့် နည်းလမ်းများကိုလည်း ပုံဖော်ပြထားသည်။ PEV ကိစ္စရပ်၏ နောက်တွင် အရပ်ဖက် အဖွဲ့အစည်းများသည် တာဝန်ခံမှုဆိုင်ရာငြင်းခုံမှုများကို သေချာပေါ်လွင်စေရန် ထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်ခဲ့လေသည်။ ၎င်းတို့သည် PEV တာဝန်ခံမှုအတွက် အပြည်ပြည်ဆိုင်ရာ ဖိအားများမှတဆင့် ဖြစ်ပေါ်လာသော အခွင့်အရေးလမ်းစကို ထိရောက်စွာ အသုံးချနိုင်ခဲ့သည်၊ ထို့ပြင် နိုင်ငံရေးခေါင်းဆောင်မှုမျိုးစုံအကြား အထူးသဖြင့် ODM ခေါင်းဆောင်များအကြား တာဝန်ခံမှုကို ပံ့ပိုးပေးနိုင်ခဲ့သည်။

ကန်ညာရှိ အရပ်ဖက်အဖွဲ့အစည်းများသည် တာဝန်ခံမှုကို ချဉ်းကပ်ရာဖွေရာတွင် ဥပဒေဆိုင်ရာ စံနှုန်းများကို ရည်ညွှန်းကာ တရားရုံးများအပေါ် အားထားလျက် နိုင်ငံရေးအရ သမာသမတ်ကျအောင် ကြိုးပမ်း

---

[87] Participant, workshop with NGO officials, Nairobi, Kenya, 21 February 2014; personal interviews, NGO official and European diplomat, Nairobi, Kenya (Nos. 2 and 4), NFA, 20 and 24 February 2014; personal interview, NGO official, Nairobi, Kenya (No. 12), NFA, 20 May 2014; personal interview, NGO officials, Nakuru, Kenya (Nos. 1 and 2), NFA, 21 May 2014.

[88] Participant, workshop with NGO officials, Nairobi, Kenya, 21 February 2014; personal interviews, NGO and government officials, Nairobi, Kenya (Nos. 2 and 7), NFA, 20 and 25 February 2014; personal interviews, NGO officials, Nairobi, Kenya, May 2014. In addition, personal interview, NGO official, Nairobi, Kenya (No. 12), NFA, 20 May 2014 personal interviews, NGO officials, Nakuru, Kenya (Nos. 1 and 2), NFA, 21 May 2014. These latter interviews were conducted by Sriram and funded by the MacArthur Foundation and the European Research Council via the Security in Transition Programme.

အားထုတ်ခဲ့သည်။ ၎င်းတို့က နိုင်ငံရေးမဟုတ်သော ဥပဒေဆိုင်ရာ မဟာဗျူဟာများက ပိုမိုထိရောက်သည်ဟု ယူဆကြလေသည်။ သို့သော် တာဝန်ခံမှုကို ချဉ်းကပ်ရန် အဆိုပါအဖွဲ့များ၏ စွမ်းဆောင်ရည်သည် နိုင်ငံရေးသမားများနှင့် မဟာမိတ်ပြုခြင်းအပေါ် မှီခိုလျက် ဆက်လက်ဆောင်ရွက်ခဲ့သည်။ တာဝန်ခံမှုဖြစ်စဉ်များအတွက် လူကြိုက်များထောက်ခံခြင်းသည် ဤဖြစ်စဉ်တလျောက် နိုင်ငံရေးသမားများ၏ ထောက်ခံမှု၊ တရားမျှတရေးအုပ်စု၏ နိုင်ငံရေးသမားများနှင့် မဟာမိတ်ပြုနိုင်မှုအရည်အချင်းအားဖြင့် ပုံသွင်းခံရသည့်သဖွယ် ဖြစ်ခဲ့သည်။ နိုင်ငံရေးအဆင့်၌ မဟာမိတ်များ ဆုံးရှုံးသောအခါ အရပ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဥပဒေဆိုင်ရာ မဟာဗျူဟာများအရ ချဉ်းကပ်ရာတွင် စိန်ခေါ်မှုများစွာ ထင်ထင်ရှားရှား ကြုံတွေ့ရလေသည်။ Kenyatta နှင့် Ruto တို့၏ ရွေးကောက်ပွဲ အနိုင်ရရှိမှုနောက်၊ ICC က အမှန်တကယ် ကြားဝင်လာသောအခါ နိုင်ငံရေးခေါင်းဆောင်များသည် ၎င်းတို့၏ ပြိုင်ဘက်များအကြား တာဝန်ခံမှုဆိုင်ရာတွင် ပေါင်းစည်းလာခဲ့ကြသည်။ ၎င်းတို့သည် အရပ်ဖက်အဖွဲ့အစည်းများ၏ ပြည်တွင်းအနေအထားများ၊ ICC နှင့် အနောက်နိုင်ငံများက ကန်ညာ၏ အချုပ်အခြာ အာဏာကို ထိပါးနှောင့်ယှက်နေသည်ဟူသော လုပ်ဇာတ်တစ်ခုကို ဖန်တီးခဲ့သည်။ တချိန်တည်းမှာပင် အာဖရိက သမဂ္ဂနှင့် အခြားအာဖရိကနိုင်ငံများအကြား သဘောပေါက်လက်ခံလွယ်မှုနှင့်အတူ နိုင်ငံတကာ သံတမန်နည်းကို သုံးလျက် ICC ၌ တရားစွဲဆိုမှုခြင်းအား ရပ်တန့်ရန် နည်းလမ်းရှာဖွေခဲ့သည်။ ဤအချက်သည် တာဝန်ခံမှုဆိုင်ရာ စံနှုန်းများ၏ ထိုးနှက်မှုကို ချေဖျက်စေနိုင်ခဲ့ပြီး ထိုစံနှုန်းများကို အရပ်ဖက်အဖွဲ့အစည်းများဘက်သို့ပင် ရွှေ့ပြောင်းနိုင်ခဲ့လေသည်။ ထို့ကြောင့် ပြည်တွင်းတွင် တာဝန်ခံမှုအစီအစဉ်ကို ချဉ်းကပ်ရန် အရပ်ဖက်အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် လျော့ပါးအားနည်းခဲ့ရသည်။ နိုင်ငံရေးထိပ်သီးများပုဂ္ဂိုလ်များ၏ ကိုလိုနီဆန့်ကျင်ရေးလေလုံးများ ပေါ်ထွက်လာမှုကြောင့် ပံ့ပိုးထောက်ပံ့သူ အနောက်နိုင်ငံများ၏ အစိုးရအပေါ် ဖိအားပေးနိုင်မှုသည်လည်း လျော့ကျခဲ့ရသည်။ အရှေ့အာဖရိကရှိ အဓိကမဟာမိတ်နိုင်ငံနှင့် တည်ငြိမ်သော ဆက်ဆံရေးကို ထိန်းထားလိုသည့် အနောက်နိုင်ငံများ၏ ပါဝါအကျိုးစီးပွါးများသည်လည်း ဖိအားပေးမှုကို လျော့ကျစေခဲ့သည့် တစ်စိတ်တစ်ပိုင်းဖြစ်လေသည်။

ကန်ညာအရပ်ဖက်အဖွဲ့အစည်းများ၏ ကိုယ်ပိုင်မဟာဗျူဟာများသည် အတိုင်းအတာတစ်ခုအထိ ကိုယ်တိုင်ကန့်သတ်ခံခဲ့ရလေသည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် အထူးသဖြင့် အပြည်ပြည်ဆိုင်ရာ စံနှုန်းများ လွှမ်းမိုးသည့် ဥပဒေဆိုင်ရာ နည်းလမ်းများကို ဦးတည်ခဲ့သည့်အတွက် အစိုးရ၏ ကိုလိုနီဆန့်ကျင်ရေးလေလုံးများကြောင့် ပိုမိုထိခိုက်လွယ်ခဲ့လေသည်။ အချို့သော တက်ကြွလှုပ်ရှားသူများက ဥပဒေဘာသာစကားကြီးစိုးပြီး အပြည်ပြည်ဆိုင်ရာစံနှုန်းများ လွှမ်းမိုးသည့် ချဉ်းကပ်နည်းလမ်းများသည် စီးပွါးရေးနှင့် သံတမန်ရင်းမြစ်များ ကြွယ်ဝကြသည့် အစိုးရကို ရင်ဆိုင်ရာတွင် ချို့ယွင်းချက်များပေါ်ပေါက်နိုင်သည်ကို ၎င်းတို့အနေဖြင့် ယခုလေ့လာတွေ့ရှိခဲ့ပြီဟု ဆိုကြလေသည်။ ကွဲပြားနေသည့် လူမှုအသိုင်းအဝိုင်းတွင် (အစိုးရ၏) လေလုံးများကို တန်ပြန်ချေဖျက်မှုတည်ဆောက်ရန်မှာ နိုင်ငံရေး၊ သမိုင်းကြောင်းနှင့် တိုင်းရင်းသားဘာသာစကားတို့အပေါ် ကျယ်ကျယ်ပြန့်ပြန့် တည်မှီနိုင်လေသည်။ ထို့ပြင် အခြားသော တာဝန်ခံမှုဆိုင်ရာ ပဏာမလုပ်ဆောင်မှုများ ရှိခဲ့သော်ငြား (ထိုအထဲတွင် တရားမကြောင်းအရ တရားစွဲဆိုမှုလည်း ပါဝင်ခဲ့ပြီး နောက်ပိုင်းတွင် လုပ်ဆောင်ခဲ့သည်) နိုင်ငံတကာအဆင့်၌ အဆင့်မြင့်အရာရှိတန်း ကျူးလွန်သူများအတွက် ကန်ညာအရပ်ဖက်အဖွဲ့အစည်းများ၏ ဦးတည်မှုသည် အများအားဖြင့် ရာဇဝတ်မှုဆိုင်ရာ တာဝန်ခံမှုဖြစ်လေသည်။ ဤအချက်သည်ပင် တာဝန်ခံမှုဆိုင်ရာ စံနှုန်းများကို ယေဘုယျဆန်ဆန် ပိုမိုချဉ်းကပ်နိုင်ရန် အထူးသဖြင့် ICC ကိစ္စရပ်များ ပျက်သုဉ်းသွားသည့်အချိန်တွင် ပြဿနာပေါ်နိုင်ခဲ့လေသည်။ PEV အကျပ်အတည်းနှင့် နောက်ဆက်တွဲ စေ့စပ်ဖျန်ဖြေရေးဖြစ်စဉ်ကို တာဝန်ခံမှုစံနှုန်းများအား ချဉ်းကပ်ရန် အခွင့်အလမ်းပြတင်းပေါက်အဖြစ် ရှုမြင်ပြီး သိသာထင်ရှားသည့် မဟာဗျူဟာတစ်ခု ဖြစ်ကောင်းဖြစ်နိုင်သည်၊ သို့သော် PEV အပေါ် အလွန်အကျွံ ဦးတည်နေခြင်းသည် ရှေ့ဆက်ဖြစ်လာသည့် ရာဇဝတ်မှုများ-

‘အကြမ်းဖက်စစ်ပွဲ’အခြေအနေတွင် ဆိုမာလီယာများအပေါ် ကန်ညာ၏ လုပ်ရပ်ကဲ့သို့သော ရာဇဝတ်မှုများ-အတွက် တာဝန်ခံမှုကို ချဉ်းကပ်ရန် အရပ်ဖက်အဖွဲ့အစည်းများ၏ အရည်အသွေးကို လျော့ပါးသွားစေနိုင်သည်။[89]

အချို့သော ဥပမာများတွင် ICC ၏ ချို့ယွင်းနေသော လက်တွေ့ဆောင်ရွက်မှုများသည် တာဝန်ခံမှု အစီအစဉ်ကို ချဉ်းကပ်ရာတွင် အရပ်ဖက်အဖွဲ့အစည်းများအတွက် ပိုမိုခက်ခဲစေခဲ့သည်။ ရာဇဝတ်မှုဆိုင်ရာ တာဝန်ခံမှုကို မြှင့်တင်ရာတွင် ICC သည် ‘မြို့ရှိ တစ်ခုတည်းသော ကစားပွဲ’ဟု ရှုမြင်ကြသည်။ သို့သော်လည်း အရပ်ဖက်အဖွဲ့အစည်းများ၏ မဟာဗျူဟာများသည် ICC ကို ပံ့ပိုးရန် ပြည်တွင်းခုံရုံးတစ်ခုကို ကနဦး ပံ့ပိုးခြင်းမှသည် တရားမကြောင်းအရ တရားစွဲဆိုသော ကိစ္စရပ်များအထိ အချိန်ကြာလာသည်နှင့်အမျှ သိသာထင်ရှားစွာ ပြောင်းလဲလာခဲ့သည်။ ၂၀၁၃ ခုနှစ် ASP အစည်းအဝေးတွင် ဖြစ်ပွါးခဲ့သည့်အတိုင်း အရပ်ဖက်အဖွဲ့အစည်းများသည် တာဝန်ခံမှုဆိုင်ရာ ပြင်ပပံ့ပိုးသူများနှင့် ထိတွေ့ဆက်ဆံရန် နည်းလမ်းအသစ်များကိုလည်း ရှာဖွေခဲ့ကြသည်။

ကျွန်ုပ်တို့၏ အကဲဖြတ်သုံးသပ်ချက်သည် အရပ်ဖက်အဖွဲ့အစည်းများရှိ အဓိကပါဝင်ဆောင်ရွက်သူများ၏ အပြည်ပြည်ဆိုင်ရာ စံနှုန်းများအား ၎င်းတို့အသုံးပြုနိုင်သော ပြည်တွင်းသုံးအဖြစ် ပြောင်းလဲလိုက်ခြင်းနှင့် ၎င်းတို့၏ ရည်မှန်းချက်ပန်းတိုင်များ ရရှိစေရေးအတွက် နိုင်ငံတကာ အသိုင်းအဝိုင်း၏ ဩဇာအရှိန်အဝါ ရှာဖွေခြင်းများဆိုင်ရာ အရွေ့နှင့် ဖန်တီးမှုများကို ပုံဖော်ရှင်းလင်းထားသည်။ ခေါင်းမာသော အစိုးရနှင့် ရင်ဆိုင်ရချိန်တွင် အပြည်ပြည်ဆိုင်ရာ စံနှုန်းများနှင့် ပံ့ပိုးမှုများကို မှီတည်နေရခြင်း၏ အကန့်အသတ်ကို ဖော်ပြထားပြီး စကားလုံးအသုံးအနှုန်းနှင့် တောင်းခံသည့်လုပ်ငန်းစဉ်များတွင် လိုက်လျောညီထွေဖြစ်မှု လိုအပ်ကြောင်းကိုလည်း တင်ပြထားပါသည်။

[89] Participant, workshop with experts, London, UK, 6 May 2014. This is not specific to Kenya; in Chile, many human rights activists now reflect that their approach to crimes under the dictatorship limited their capacity to address contemporary human rights violations decades later. Personal interviews, human rights practitioners, Santiago, Chile (Nos. 1 and 2), 10 July 2014; personal interview, lawyer, Santiago, Chile (No. 3), 14 July 2014. These interviews were conducted by Sriram and funded by the Economic and Social Research Council.